# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၃၁)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၄ ရက်**

**(၂၀၁၅ ခုနှစ်၊ မတ်လ ၂၃ ရက်)**

**(တနင်္လာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**မူကြမ်း**

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦးရှိတဲ့အနက် ၃၄၆ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၂.၃၈ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးမြင့်စိုး(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၃-၃-၂၀၁၅ ရက်နေ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ (၃၁)ရက်မြောက်နေ့တွင် ခွင့်ပန်ကြားသော လွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီဝင် ဦးမြင့်စိုးမှ ခွင့်ပန်ကြားခွင့်ပြုပါရန် ရိုသေလေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ ယနေ့ ခွင့်ပန်ကြားသူ ၅၈ ဦး၊ ယခင် ခွင့်ပန်ကြားသူ ၁၆ ဦး စုစုပေါင်း ၇၄ ဦးရှိပါတယ်ခင်ဗျား။ ယနေ့ ခွင့်ပန်ကြားသူ ၅၈ ဦးမှာ-

(၁) ရွှေကူမဲဆန္ဒနယ်မှ ဦးဝင်းနိုင်(ခ)ဦးဖြူ ခွင့် ၄ ရက်၊

(၂) ဖရူဆိုမဲဆန္ဒနယ်မှ ဦးဦးရယ်(ခ)ဦးအူးရယ် ခွင့် ၃ ရက်၊

(၃) ဘောလခဲမဲဆန္ဒနယ်မှ ဦးအေးမောင် ခွင့် ၂ ရက်၊

(၄) ကမာရွတ်မဲဆန္ဒနယ်မှ ဒေါက်တာစိုးရင် ခွင့် ၁ ရက်၊

(၅) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးလွန်းသီ ခွင့် ၁ ရက်၊

(၆) တာမွေမဲဆန္ဒနယ်မှ ဒေါ်လဲ့လဲ့ဝင်းဆွေ ခွင့် ၁ ရက်၊

(၇) ဒဂုံမြို့သစ်(အရှေ့ပိုင်း)မဲဆန္ဒနယ်မှ ဦးမြင့်သူ ခွင့် ၁ ရက်၊

(၈) ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦး ခွင့် ၂ ရက်၊

(၉) ကွမ်းလုံမဲဆန္ဒနယ်မှ ဦးဟော်ရှောက်ချမ်း ခွင့် ၄ ရက်၊

(၁၀) ကျောက်မဲ မဲဆန္ဒနယ်မှ ဦးနယ်လ်ဆင်(ခ)ဦးဆောင်ဆီ ခွင့် ၄ ရက်၊

(၁၁) မူဆယ်မဲဆန္ဒနယ်မှ ဦးစိုင်းဘိုးအောင် ခွင့် ၄ ရက်၊

(၁၂) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၄ ရက်၊

(၁၃) မြစ်သားမဲဆန္ဒနယ်မှ ဦးကြည်မောင် ခွင့် ၁ ရက်၊

(၁၄) ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးမင်းဆွေ ခွင့် ၁ ရက်၊

(၁၅) မင်းဘူးမဲဆန္ဒနယ်မှ ဦးအေးသူ ခွင့် ၁ ရက်၊

(၁၆) မိုးညှိမဲဆန္ဒနယ်မှ ဦးနန်းဦး ခွင့် ၁ ရက်၊

(၁၇) ဒေးဒရဲမဲဆန္ဒနယ်မှ ဦးတင်ဝင်း ခွင့် ၂ ရက်၊

(၁၈) ရေကြည်မဲဆန္ဒနယ်မှ ဦးမောင်မောင်တင် ခွင့် ၂ ရက်၊

(၁၉) ဖယ်ခုံမဲဆန္ဒနယ်မှ ဦးဖရန်စစ္စကို ခွင့် ၂ ရက်၊

(၂၀) နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင်(ခ)ဦးဒီလုံး ခွင့် ၄ ရက်၊

(၂၁) ကန်ကြီးထောင့်မဲဆန္ဒနယ်မှ ဦးကျော်ဝင်း ခွင့် ၂ ရက်၊

(၂၂) ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးသန့်ဇင် ခွင့် ၁ ရက်၊

(၂၃) မင်းလှမဲဆန္ဒနယ်မှ ဦးဝင်းတင် ခွင့် ၂ ရက်၊

(၂၄) ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးအေးနိုင် ခွင့် ၂ ရက်၊

(၂၅) မံစီမဲဆန္ဒနယ်မှ ဦးထွန်းသိန်း(ခ)ဦးထွန်းထွန်း ခွင့် ၄ ရက်၊

(၂၆) ကျိုက်ထိုမဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၂ ရက်၊

(၂၇) ကျိုက်မရောမဲဆန္ဒနယ်မှ ဒေါ်မိယဉ်ချမ်း ခွင့် ၁ ရက်၊

(၂၈) ဒီမောဆိုမဲဆန္ဒနယ်မှ ဦးစိုးရယ် ခွင့် ၂ ရက်၊

(၂၉) မြင်းမူမဲဆန္ဒနယ်မှ ဦးဇော်ဝင်းအောင် ခွင့် ၁ ရက်၊

(၃၀) တန့်ဆည်မဲဆန္ဒနယ်မှ ဦးတင်မြင့် ခွင့် ၄ ရက်၊

**မူကြမ်း**

(၃၁) လဟယ်မဲဆန္ဒနယ်မှ ဦးဆားမူ ခွင့် ၄ ရက်၊

(၃၂) ခန္တီးမဲဆန္ဒနယ်မှ ဦးလှထွန်း ခွင့် ၄ ရက်၊

(၃၃) ဇီးကုန်းမဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် ခွင့် ၁ ရက်၊

(၃၄) တနိုင်းမဲဆန္ဒနယ်မှ ဦးမျိုးဆွေ ခွင့် ၁ ရက်၊

(၃၅) မောင်တောမဲဆန္ဒနယ်မှ ဦးအောင်ဇော်ဝင်း ခွင့် ၄ ရက်၊

(၃၆) ပေါင်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် ခွင့် ၁ ရက်၊

(၃၇) ရွှေတောင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေးမြင့် ခွင့် ၁ ရက်၊

(၃၈) အုတ်တွင်းမဲဆန္ဒနယ်မှ ဦးညီညီမြင့် ခွင့် ၁ ရက်၊

(၃၉) လှိုင်ကော်မဲဆန္ဒနယ်မှ ဦးခင်မောင်ညို ခွင့် ၃ ရက်၊

(၄၀) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်တင့်ဆန်း ခွင့် ၁ ရက်၊

(၄၁) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးနှင်းစိုး ခွင့် ၄ ရက်၊

(၄၂) ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာအောင်သန်း ခွင့် ၁ ရက်၊

(၄၃) တောင်ကြီးမဲဆန္ဒနယ်မှ ဦးစံလင်း ခွင့် ၄ ရက်၊

(၄၄) ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးသန်းဝင်း ခွင့် ၃ ရက်၊

(၄၅) ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးရွှေမောင် ခွင့် ၄ ရက်၊

(၄၆) တွန်းဇံမဲဆန္ဒနယ်မှ ဦးဟောက်ခန့်မန် ခွင့် ၁ ရက်၊

(၄၇) မိုးနဲမဲဆန္ဒနယ်မှ ဦးစိုင်းကျော်မြင့် ခွင့် ၁ ရက်၊

(၄၈) လောက်ကိုင်မဲဆန္ဒနယ်မှ ဦးကျော်နီနိုင် ခွင့် ၄ ရက်၊

(၄၉) ကုန်ကြမ်းမဲဆန္ဒနယ်မှ ဦးကျန်တဲဝမ် ခွင့် ၄ ရက်၊

(၅၀) ရွှေကျင်မဲဆန္ဒနယ်မှ ဦးတင်ထွန်း ခွင့် ၁ ရက်၊

(၅၁) ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင် ခွင့် ၁ ရက်၊

(၅၂) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးအုန်းကြိုင် ခွင့် ၄ ရက်၊

(၅၃) လပွတ္တာမဲဆန္ဒနယ်မှ ဦးဇော်ထွန်း ခွင့် ၄ ရက်၊

(၅၄) ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်း ခွင့် ၁ ရက်၊

(၅၅) မော်လမြိုင်မဲဆန္ဒနယ်မှ ဒေါ်ခင်ဌေးကြွယ် ခွင့် ၂ ရက်၊

(၅၆) ရေစကြိုမဲဆန္ဒနယ်မှ ဦးတင်ဌေးအောင် ခွင့် ၁ ရက်၊

(၅၇) ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန် ခွင့် ၄ ရက်နှင့်

(၅၈) မိုးမောက်မဲဆန္ဒနယ်မှ ဦးဇော်ထွန်း ခွင့် ၁ ရက်တို့ဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို ခွင့်ပြုပေးပါရန် ရိုသေလေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း**

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၆ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၅၈ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၇၄ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

ဥက္ကဋ္ဌ။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

ဥက္ကဋ္ဌ။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**အခြေခံပညာကျောင်းများတွင် ကျောင်းထောက်ပံ့ကြေးပေးဆောင်ရာ၌ ကျောင်းသားဦးရေအလိုက် ရရှိသောထောက်ပံ့ကြေးပမာဏနှင့် သုံးစွဲရမည့် အကြောင်းအရာများကို သိလိုခြင်းနှင့်စပ်လျဉ်းသည့် မေးခွန်း**

ဥက္ကဋ္ဌ။ ။ ဦးစွာ ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းစေအွာ(ဘားအံမဲဆန္ဒနယ်)။** ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး နှင့်ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သလိုက်ပါတယ်ရှင်။ ကျွန်မကတော့ ကရင်ပြည်နယ်၊ ဘားအံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစေအွာဖြစ်ပါတယ်ရှင်။ ကျွန်မမေးမြန်းလိုတဲ့မေးခွန်း ကတော့ ပညာရေးဝန်ကြီးဌာန အခြေခံပညာကျောင်းများတွင် ကျောင်းထောက်ပံ့ကြေးပေးဆောင်ရာ၌ ကျောင်း သားဦးရေအလိုက် ရရှိသောထောက်ပံ့ကြေးပမာဏနှင့် သုံးစွဲရမည့် အကြောင်းအရာများကို သိရှိ လိုခြင်းပဲ ဖြစ်ပါတယ်ရှင်။ လေးစားရပါသော ဥက္ကဋ္ဌကြီးရှင်။ ပညာရေးဝန်ကြီးဌာန အခြေခံပညာ ကျောင်းများတွင် အခမဲ့ပညာသင်ကြားရေးကို အထောက်အကူဖြစ်စေရန်အတွက် ၂၀၁၂-၂၀၁၃ ပညာ သင်နှစ်မှစ၍ ကျောင်းထောက်ပံ့ကြေးများပေးအပ်ခဲ့ကြောင်း သိရှိရပါတယ်ရှင်။ ထိုသို့ ပေးဆောင်ရာ မှာလည်း ကျောင်းတစ်ကျောင်းစီရဲ့ ကျောင်းသားဦးရေပေါ်မူတည်ပြီး ထောက်ပံ့ကြေးများကို သတ်မှတ် ပေးခဲ့ကြောင်းနဲ့ ထိုငွေများကိုသုံးစွဲရာ၌ အဆင်ပြေစေရန် သုံးစွဲရမည့်ငွေစာရင်းခေါင်းစဉ်များကို ချမှတ်ပေးခဲ့ကြောင်းလည်း သိရှိရပါတယ်ရှင်။ သို့ဖြစ်ပါ၍ ၎င်းကျောင်းထောက်ပံ့ကြေးများ အနည်း အများရရှိမှုမှာ ကျောင်းတစ်ကျောင်းတွင်ရှိရမည့် ကျောင်းသားဦးရေ သုံးစွဲရမည့်ငွေစာရင်း ခေါင်းစဉ် အကြောင်းအရာများကို မဲဆန္ဒရှင်ပြည်သူများ သိရှိနိုင်ရန်အတွက် ရှင်းလင်းပေးပါရန် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာတင်ပြအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်ရှင်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်ကြီးများအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ပညာရေး ဝန်ကြီးဌာနကိုယ်စား ဒုတိယဝန်ကြီး ကျွန်တော်ဦးသန့်ရှင်းက ကရင်ပြည်နယ်၊ ဘားအံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစေအွာရဲ့မေးခွန်းနဲ့ပတ်သက်၍ ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် မူလတန်းအခမဲ့ပညာသင်ကြားရေးအစီအစဉ်အရ မူလတန်းအဆင့်သင် အခြေခံပညာကျောင်းများ အား ကျောင်းထောက်ပံ့ကြေးရန်ပုံငွေများကို ခွဲဝေသတ်မှတ်ပေးရာတွင် ထက်/လယ်/မူကျောင်းများရှိ

မူလတန်းအဆင့်သင်ကျောင်းများအရ ခွဲဝေသတ်မှတ်ပေးခြင်းဖြစ်ပါတယ်။ ကျောင်းထောက်ပံ့ကြေးရန်ပုံငွေများကို သုံးစွဲရာတွင် ငွေစာရင်းခေါင်းစဉ် ၁၂ ခုဖြင့် မိမိတို့ကျောင်းများ၏ လိုအပ်ချက်များအရ ကျောင်းထောက်ပံ့ကြေးရန်ပုံငွေပေါ်မူတည်၍ သုံးစွဲရန်သတ်မှတ်ထားသည့်ငွေစာရင်းများနှင့် ကိုက်ညီသော စာရင်းစစ်လက်ခံနိုင်သော အသုံးစရိတ်များကို သုံးစွဲရန်ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် မူလတန်းကျောင်းသူ/ကျောင်းသားအရေအတွက်အရ ကျောင်းထောက်ပံ့ကြေးပမာဏသတ်မှတ်ခွဲဝေမှုများမှာ မူလတန်းကျောင်းသား ၁၀၀ ထိ စုစုပေါင်းငွေကျပ် ၈ သိန်း၊ မူလတန်းကျောင်းသား ၁၀၁ မှ ၂၀၀ ထိ စုစုပေါင်းငွေကျပ် ၁၀ သိန်း၊ မူလတန်းကျောင်းသား ၂၀၁ မှ ၃၀၀ အထိ စုစုပေါင်းငွေကျပ် ၁၂ သိန်း၊ မူလတန်းကျောင်းသား ၃၀၁ မှ ၄၀၀ အထိ စုစုပေါင်းငွေကျပ် ၁၄ သိန်း၊ မူလတန်းကျောင်းသား ၄၀၁ နှင့်အထက် စုစုပေါင်းငွေကျပ် ၁၆ သိန်း၊ မူလတန်းကျောင်းခွဲများအတွက် စုစုပေါင်းငွေကျပ် ၄သိန်းဖြင့် အဆိုပါကျောင်းထောက်ပံ့ကြေးများကို နှစ်ကြိမ်ခွဲ၍ ၂၀၁၄ ခုနှစ်၊ ဇွန်လတွင် ပထမအကြိမ်နှင့် ဒီဇင်ဘာလတွင် ဒုတိယအကြိမ် ခွဲဝေပေးခဲ့ပါတယ်။ ကျောင်းထောက်ပံ့ကြေးရန်ပုံငွေသုံးစွဲနိုင်သည့် ငွေစာရင်းခေါင်းစဉ်များကို ရှင်းလင်းဖြေကြားရမည်ဆိုပါက ဘတ်ဂျက်ခေါင်းစဉ် O2 O1 ပြည်တွင်းခရီးစရိတ် ကျခံသုံးစွဲမည့်အသုံးစရိတ်အမျိုးအစားကတော့ မြန်မာနိုင်ငံလက်စွဲဥပဒေအရ ရပိုင်ခွင့်ရှိသောခရီးစရိတ်များဖြစ်ပါတယ်။ ဘတ်ဂျက်ခေါင်းစဉ် O3 O1 လုပ်အားခ ကာယဉာဏလုပ်အားအတွက် ရှောင်တခင်ခေါ်ယူထမ်းဆောင်စေသည့်အတွက်ပေးရသောအခကြေးငွေများဖြစ်ပါတယ်။ O3 O3 ငှားရမ်းခ၊ ယာဉ်များ၊ ဝန်တင်နွားများငှားရမ်းခ သုံးစွဲရန်ဖြစ်ပါတယ်။ O3 O4 သယ်ယူပို့ဆောင်ခ၊ လူနှင့်ပစ္စည်းများပို့ဆောင်ခ၊ ပြင်ပပုဂ္ဂိုလ်များအတွက်ပေးရသောခရီးစရိတ်ဖြစ်ပါတယ်။ O3 O5 ရုံးအသုံးအဆောင်ပစ္စည်း၊ စာရေးကိရိယာ၊ စာမေးပွဲကြေးကိစ္စသုံးစွဲရန်ဖြစ်ပါတယ်။ O3 O7 တံဆိပ်ခေါင်း၊ ကြေးနန်းနှင့် တယ်လီဖုန်းငှားရမ်းခများတွင် သုံးစွဲ ရန်ဖြစ်ပါတယ်။ O3 O8 လျှပ်စစ်ဓာတ်အားခနှင့် အခြားဓာတ်အားခများ သုံးစွဲရန်ဖြစ်ပါတယ်။ O3 O9 စာအုပ်၊ စာနယ်ဇင်း၊ သတင်းစာ၊ ရုံးနှင့်ဌာနလုပ်ငန်းသုံးစာအုပ်၊ စာရွက်စာတမ်းများ ဝယ်ယူရန်တွင် ကုန်ကျစရိတ်ကို သုံးစွဲရန်ဖြစ်ပါတယ်။ O313 လုပ်ငန်းသုံးပစ္စည်းများ၊ လုပ်ငန်းသဘောအရ သုံးစွဲကျခံရသော အသုံးအစွဲပစ္စည်းကိရိယာများအတွက် ဖြစ်ပါတယ်။ O3 O4 အစားအစာ၊ ရိက္ခာ တစ်ဦးချင်း၏ရပိုင်ခွင့်မဟုတ်ဘဲ အစိုးရအနေဖြင့် ကျွေးမွေးထောက်ပံ့ရန်တာဝန်ရှိ၍ ကျခံသောစရိတ်များသုံးစွဲရန်ဖြစ်ပါတယ်။ O325 ပြပွဲ၊ ပြိုင်ပွဲ၊ ဆုချီးမြင့်ပွဲအတွက် သုံးစွဲရန်ဖြစ်ပါတယ်။ O4O9 အခြား၊

ရေမြောင်း တူးခြင်း၊ ပရိဘောဂပြင်ဆင်ထိန်းသိမ်းခြင်းစသည်တို့အတွက် သုံးစွဲရန်ဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ရသေ့တောင်မြို့နယ်၊ ဒိုးပိုက်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းအား အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဖြစ် ၂၀၁၅-၂၀၁၆ ခု ပညာသင်နှစ်တွင် အဆင့်မြှင့်တင်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဒေါ်ခင်စောဝေ၊ ရသေ့တောင်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်စောဝေ(ရသေ့တောင်မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ ရိုသေလေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ရဲ့ ရခိုင်ပြည်နယ်မှာ နေထိုင်တဲ့လူဦးရေ ၂ သန်းကျော်ကျော်ရှိပါတယ်။ ဆင်းရဲမှုအဆင့်က ၄၃.၅ ရာခိုင်နှုန်းရှိပြီးတော့ အလယ်တန်းပညာမသင်ကြားနိုင်မှုက ၅၃.၅ ရာခိုင်နှုန်းရှိတယ်လို့ လေ့လာသိရှိရပါတယ်ရှင်။ ဒိုးပိုက်ကျေးရွာအခြေခံပညာအလယ်တန်းကျောင်းမှာ ရသေ့တောင်မြို့နှင့် ၁၅ မိုင်ဝေးပြီးတော့ အခြေခံပညာအထက်တန်းကျောင်းတွေရှိတဲ့ လောင်းချောင်းကျေးရွာနဲ့ ခြောက်မိုင်အကွာမှာတည်ရှိပါတယ်။ ၁၉၆၅ ခုနှစ်မှာ ဒိုးပိုက်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းဖွင့်လှစ်ခွင့်ရရှိပြီးတော့ ၂၀၀၀ ခုနှစ်တွင် အခြေခံပညာအလယ်တန်းကျောင်းသို့ တိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိခဲ့ပါတယ်။ ဤကျောင်းမှ အခြေခံပညာ အဋ္ဌမတန်းအောင်မြင်ပြီးသူများဟာ ခြောက်မိုင်ကွာဝေးတဲ့ လောင်းချောင်းကျေးရွာအခြေခံပညာ အထက်တန်းကျောင်းကိုလည်းကောင်း၊ ငွေကြေးတတ်နိုင်သူအနည်းငယ်က မြို့ပေါ်ကျောင်းများကိုလည်းကောင်း သွားရောက်ပညာသင်ယူကြပါတယ်။ အခြေခံပညာအထက်တန်းကျောင်းရှိတဲ့ လောင်းချောင်းကျေးရွာသို့ သွားရောက်ပညာသင်ယူရာတွင် အလွန်မတ်စောက်တဲ့ မေယုတောင်တန်းကြီးကို ဖြတ်ကျော်သွားလာရတဲ့အတွက် အထက်တန်းပညာသင်ကြားသူနည်းပါးလာကာ အလယ်တန်းအဆင့်အောင်မြင်ပြီးတာနဲ့ ကျောင်းထွက်သူများလာခဲ့ပါတယ်။ ပညာရေးကိုစိတ်ဝင်စားမှုရှိသော ဒိုးပိုက်ကျေးရွာသားတို့ဟာ သားသမီးတို့၏ ပညာရေးမြင့်မားရေးကိုမျှော်ကိုးပြီးတော့ ၂၀၀၇ ခုနှစ်မှစပြီးတော့ အ.ထ.က(လောင်းချောင်း)နဲ့တွဲဖက်ပြီး ပညာသင်ယူခဲ့ကြရာ ယခုအချိန်ထိ ဖြစ်ပါတယ်။ အထက်တန်းကျောင်းခွဲရရှိရေးအတွက် လိုအပ်သော ကျောင်းဆောင်တစ်ဆောင်ကိုလည်း ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဆောက်လုပ်ထားပြီးဖြစ်ပါတယ်။ ဒိုးပိုက်ရွာ၏ တောင်ဘက်မှာ ရွာလေးရွာရှိပြီးတော့ မြောက်ဘက်မှာတော့ ရွာခြောက်ရွာရှိပါတယ်။ ၎င်းကျေးရွာကို အလယ်တန်းကျောင်းမှ အထက်တန်းကျောင်းခွဲအဖြစ် အဆင့်မြှင့်တိုးပေးလိုက်ခြင်းဖြင့် အခြား

ကျေးရွာများကပါ ပညာသင်ယူရာတွင် ချောမွေ့သွားမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ၂၀၁၅-၂၀၁၆ ခုနှစ်ပညာသင်နှစ်တွင် ရသေ့တောင်မြို့နယ် ဒုံးပိုက်ကျေးရွာ အခြေခံပညာအလယ်တန်း ကျောင်းအား အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်မြှင့်ဖွင့်လှစ်ပေးပါရန် အစီအစဉ်ရှိ/မရှိကို ရိုသေလေးစားရပါတဲ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်ရှင်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရခိုင်ပြည်နယ်၊ ရသေ့တောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေရဲ့မေးခွန်းနှင့်ပတ်သက်၍ ကျွန်တော်ကပဲ ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်တွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အထိ အခြေခံပညာအထက်တန်းကျောင်း ငါးကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)လေးကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း ခုနစ်ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ငါးကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း ၄၈ ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း ၁၆၁ ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း(ခွဲ) ခုနစ်ကျောင်း စုစုပေါင်း အခြေခံပညာကျောင်း ၂၃၇ ကျောင်းတို့အား ဖွင့်လှစ်ခွင့်ပြုခဲ့ပြီးဖြစ်ပါတယ်။ ရသေ့တောင်မြို့နယ် ဒုံးပိုက်ကျေးရွာအခြေခံပညာအလယ်တန်းကျောင်းတွင် စုစုပေါင်း အလယ်တန်းအဆင့်သင်ကျောင်းသား ၂၃၅ ဦးရှိပါတယ်။ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှု၊ ဒေသန္တရအခြေအနေ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးစသည့် လိုအပ်ချက်များအပေါ်မူတည်၍ ကျောင်းသားဦးရေ သတ်မှတ်ချက်အဆင့်သတ်မှတ်ချက်မူဝါဒကို ဖြေလျှော့ပြီး သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့က ဒေသအခြေအနေအရ ဒုံးပိုက်ကျေးရွာအခြေခံပညာအလယ်တန်းကျောင်းအား အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အဖြစ် အဆင့်တိုးမြှင့်ပေးသင့်ကြောင်း သဘောထားမှတ်ချက်ပြုလာပါက ကျောင်းအဆင့်တိုး တန်းစီဇယားအရလည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်တင်ပြသည့်အချက်များကိုလည်းကောင်း စိစစ်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် လောလောဆယ်အဆင့်တိုးမြှင့်ပေးရန်အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒေါ်ခင်စောဝေ(ရသေ့တောင်မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ ကျွန်မ တစ်ဆက်တစ်စပ်တည်းမေးခွန်းကိုမေးချင်ပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရဲ့ ဦးစားပေးအစီအစဉ်အတိုင်းဆောင်ရွက်ပေးလာမှာကို စောင့်နေရမယ်ဆိုရင်တော့ ကျွန်မတို့ရခိုင်ပြည်နယ်ပညာရေးဟာ ဘယ်လိုမှတိုးတက်လာနိုင်စရာအကြောင်းမရှိပါဘူးရှင်။ ကျွန်မတို့လွှတ်တော်ကိုယ်စားလှယ်များဟာ ကျေးရွာတော်တော်များများရဲ့အခြေအနေမှန်ကို အသိဆုံးဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျေးရွာတွေကိုရောက်တိုင်းမှာ အဓိက ကျေးရွာတွေက တင်ပြအကူအညီတောင်းခံကြတာကတော့ ကျောင်းဆောင်သစ်ဆောက်လုပ်မှု၊ ကျောင်းပရိဘောဂမပြည့်စုံမှု၊ ကျောင်းအဆင့်တိုးမြှင့်မှုများ ဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ဒေသများလိုပဲ အခြားသောဒေသတချို့မှာလည်း ဒီလိုအခြေအနေတွေရှိတယ်ဆိုတာကို လွှတ်တော်ကိုယ်စားလှယ်ဆွေးနွေးခဲ့တာတွေ အများကြီးကိုတွေ့နိုင်ပါတယ်။ ကျေးရွာတွေမှာအများဆုံးနေထိုင်ကြတဲ့ ကျေးလက်နေပြည်သူတွေဟာ ဆင်းရဲနွမ်းပါးပြီးတော့ လက်လုပ်လက်စားတွေ၊ လယ်သမားတွေ အများကြီးဖြစ်ကြပါတယ်။ သူတို့ရဲ့သားသမီးများကို ပညာရေးမြင့်မားဖို့ ကျွန်မတို့ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေကို အားကိုးတကြီးတင်ပြ အကူအညီတောင်းခံကြတာတွေကို တာဝန်ရှိတဲ့ အစိုးရပိုင်းအနေဖြင့် အတတ်နိုင်ဆုံးဖြည့်ဆည်းဆောင်ရွက်ပေးစေချင်ပါတယ်။ တာဝန်ရှိဝန်ကြီးဌာနမှ တန်းစီဇယားအတိုင်း ဆုံးဖြတ်မယ်ဆိုပါက လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ တင်ပြချက်ဟာလည်း အရာမထင်ပဲဖြစ်နေပါလိမ့်မယ်။ သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်များ၏တင်ပြချက်အပေါ်မှာ အလေးထားပြီးတော့ အမှန်တကယ်လိုအပ်ချက်ရှိတဲ့နေရာများမှာ ကျောင်းအဆင့်မြှင့်တင်ပေးရေးကို အလေးထားစဉ်းစားဦးစားပေးဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိကို ထပ်ဆင့်မေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးသန့်ရှင်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတာကို ကျေးဇူးတင်ပါတယ်။ ကျွန်တော့်အနေနဲ့လည်း ဒီကိစ္စကိုရှင်းပြဖို့အစီအစဉ်ရှိပါတယ်။ ပထမဆုံး ကျွန်တော်တို့ ကျောင်းအဆင့်တိုးတာနဲ့ပတ်သက်လို့ရှိရင် လိုအပ်ချက်ကတော့ ကျောင်းဆရာပါ။ ကျောင်းဆရာလိုအပ်ချက်ကို ကျွန်တော်တို့ ပြီးခဲ့တဲ့နှစ်ကနေစပြီးတော့ ခြောက်သောင်း၊ ခုနှစ်သောင်းကျော် ဘွဲ့ရ နေ့စားလပေးနဲ့ ကျွန်တော်တို့ခန့်ပြီးတော့ ဖြည့်ကြည့်ပါတယ်။ ဒါလည်း မပြည့်ဝပါဘူး။ မပြည့်ဝတဲ့အတွက် ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ စဉ်းစားတာကတော့ မူလတန်းနှင့်အလယ်တန်းသည် အခမဲ့စနစ် ကျွန်တော်တို့ပေးနေပါတယ်။ ပေးနေတဲ့အတွက် ကျောင်းအားလုံးကို ကျွန်တော်တို့ကနေပြီးတော့ ကလေးတွေမှာ သူတို့ ဒီမူလတန်း၊ အလယ်တန်း အခမဲ့ကို အားလုံး

ခံစားစေချင်တဲ့ဆန္ဒလည်းရှိတယ်။ ဒါကြောင့်မို့လို့ မူလတန်း(ခွဲ)တို့၊ အလယ်တန်း(ခွဲ)တို့ အကုန်လုံး ကျွန်တော်တို့ တိုးပေးပါမယ်။ တိုးပေးပေမယ့် ယခု လက်ရှိမှာ ကျွန်တော်တို့ ပြဿနာတက်နေတာက အထက်တန်းပြတွေ။ အထက်တန်းပြကို ကျွန်တော်တို့ ခန့်မယ်ဆိုလို့ရှိရင်လည်း Section အရခန့်မယ်ဆိုလို့ရှိရင်လည်း ဆရာအပြည့်အဝပေးပါတယ်။ ဆရာအပြည့်အဝပေးတဲ့အခါမှာလည်း ဘာသာရပ်နဲ့ကိုက်ညီတဲ့ဆရာဖြစ်ဖို့လည်း လိုပါတယ်။ ဒါကြောင့် အထက်တန်းပြတွေကိုလည်း ကျွန်တော်တို့ စဉ်းစားတဲ့အခါမှာ ပင်စင်ယူပြီးသား ဆရာဆရာမကြီးတွေကို သူတို့ဆက်လုပ်မယ်ဆိုလို့ရှိရင် ကန်ထရိုက်စနစ်နဲ့ ၂ နှစ်ဆိုပြီးတော့ ကျွန်တော်တို့ဖြည့်ကြည့်ပါတယ်။ ဒါပြီးခဲ့တဲ့ခြောက်လလောက်က ဖြည့်ကြည့်တာ။ ဒါလည်း လိုအပ်ချက်မရပါဘူး။ ကျွန်တော်တို့ ဒီအပြည့်အဝကျွန်တော်တို့ကနေ ကျောင်းအဆင့် တိုးမြှင့်ပေးလိုက်တဲ့အချိန်မှာ တာဝန်သည် ကျွန်တော်တို့ရဲ့ ဝန်ကြီးဌာနရဲ့တာဝန်ဖြစ်ပါတယ်။ တာဝန်ဖြစ်လာတဲ့အခါမှာ အဓိကအခက်အခဲကတော့ ဆရာ/ဆရာမအခက်အခဲပါပဲ။ ဒီဆရာဆရာမအခက်အခဲကိုလည်း ဒီပညာရေးကောလိပ်တွေမှာ ကျွန်တော်တို့ ကျောင်းသူကျောင်းသားနဲ့ တက်နေတဲ့အစားကို Day တက်လို့ရ/မရ။ ဒါတွေလည်း ကျွန်တော်တို့ အားလုံးစဉ်းစားနေပါတယ်။ ဒီအဆင့်တိုးစဉ်းစားတဲ့အခါမှာလည်း ဒီလွှတ်တော်ကိုယ်စားလှယ်တွေရဲ့တင်ပြချက်ကိုလည်း ကျွန်တော်တို့ အလေးထားပါတယ်။ ဘာကြောင့်အလေးထားသလဲဆိုရင် လွှတ်တော်ကိုယ်စားလှယ်တွေ ရောက်တယ်။ ပြီးတော့ ဓာတ်ပုံလည်းရိုက်ပြတယ်။ အဲ့ဒါအထောက်အထားအကုန်လုံး ကျွန်တော်တို့ ရှိပါတယ်။ ရှိတဲ့အတွက် စဉ်းစားတဲ့အခါမှာ ဒီကျောင်းကနေ ကျွန်တော်တို့က ပြည်နယ်အစိုးရကိုလည်း ကျွန်တော်တို့တာဝန်ပေးထားတဲ့အတွက် လူမှုရေးဝန်ကြီးလည်းရှိတယ်။ သူတို့ဘက်ကလည်းတင်။ ဒီဘက်ကလည်း တင်ပြတာ။ ဒီနှစ်ခုယှဉ်ပြီးတော့ ကျွန်တော်တို့စဉ်းစားပြီးတော့ ကျွန်တော်တို့ ဆရာဖြည့်ပေးနိုင်တာမှန်သမျှကို အားလုံးဖြည့်ပေးသွားပါမယ်။ လောလောဆယ်ဆယ်မှာဆို မူလတန်းကျောင်းဟာ လိုအပ်ချက်အရ ကျွန်တော်တို့ဆီမှာရှိတဲ့ ဆရာနဲ့ ကျွန်တော်တို့ Section ကျထားတာနဲ့ဆိုရင် ခြောက်ဆရှိပါတယ်။ အလယ်တန်းကျောင်းမှာဆိုလို့ရှိရင် ကျွန်တော်တို့ဆီရှိတဲ့ Section နဲ့ ကျွန်တော်တို့တင်ပြ ထားတာ လေးဆရှိပါတယ်။ အထက်တန်းကျောင်းမှာဆိုလို့ရှိရင် သုံးဆရှိပါတယ်။ ဒါတွေကိုပေးတဲ့အခါမှာ ကျွန်တော်တို့က Section ကို အစိုးရအဖွဲ့ကိုကျွန်တော်တို့ တင်ပါ့မယ်။ တင်ပြီးလို့ရှိရင်လည်း ပေးနိုင်တဲ့ဟာတွေ ဆရာအရခန့်ပေးနိုင်တဲ့ဟာတွေကိုခန့်ပေးပါမယ်။ ဒီကိစ္စကိုလည်း ကျောင်းအဆင့်တိုး မပေးသေးပါဘူးဆိုတဲ့ဥစ္စာကလည်း ကျွန်တော်တို့ မကိုင်နိုင်သေးပါဘူး။ ကျွန်တော်တို့ ဒီမတ်လကုန်လောက်မှာကိုင်နိုင်ပါမယ်။ ကိုင်တဲ့အခါမှာလည်း လူမှုရေးဝန်ကြီးတွေလည်း

ကျွန်တော်တို့ ခေါ်ပါ့မယ်။ တန်းစီဇယားနဲ့ ပြည့်ပြည့်စုံစုံလုပ်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ် တင်ပြတဲ့ကျောင်းဟာ သူတို့တင်ပြတာထက် ဒီကျောင်းကလိုအပ်ပြီးတော့ မပါသွားဘူးဆိုလို့ရှိရင် ဒေသကတင်သွင်းတဲ့ မြို့နယ်ပညာရေးမှူးကို အရေးယူမယ့်အစီအစဉ်အထိ ကျွန်တော်တို့ကနေပြီး တော့ အစည်းအဝေးထိုင်ပြီးတော့ ဆောင်ရွက်ထားပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ကိုယ်စားလှယ် ကြီးတွေတင်ပြတဲ့ အဆင့်တိုးတွေရော၊ ကျွန်တော်တို့ အန္တရာယ်ရှိကျောင်းတွေရော၊ ကျွန်တော်တို့ SD မှာလည်း ကျွန်တော်တို့ ပြင်ပါ့မယ်။ ပြီးလို့ရှိရင် လိုအပ်တာကို ကျွန်တော်တို့က နောက်နှစ်အတွက်ကို တန်းစီဇယားပြုစုပြီးတော့ ဆောင်ရွက်သွားနိုင်လောက်တဲ့အခြေအနေထိ ကျွန်တော်တို့ ဆောင်ရွက် မည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီနေရာမှာ လွှတ်တော်ကိုယ်စားလှယ်ရဲ့မေးမြန်းချက်က ပြည်သူ့ရဲ့ ကိုယ်စားလှယ်ဖြစ်တဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ တင်ပြဆောင်ရွက်ချက်ကို ထိုက်သင့်သလောက် အရေးယူဆောင်ရွက်ပေးခြင်းမရှိဘူးဆိုရင် မသင့်မြတ်ဘူးဆိုတဲ့သဘောပါပါတယ်။ တကယ်တမ်းကျ တော့ လွှတ်တော်ကိုယ်စားလှယ်ဟာ ဥပဒေနှင့်အညီပေါ့။ ဥပဒေနဲ့အညီဆိုတာ Legitimate ဖြစ်ပါ တယ်။ ဒါပေမယ့်လို့ သက်ဆိုင်ရာဝန်ကြီးဌာနနှင့်သက်ဆိုင်သူများက စဉ်းစားတဲ့အခါမှာ ဥပဒေနှင့် အညီ မှန်မှန်ကန်ကန်မျှမျှတတဖြစ်ရေးကလည်း အရေးကြီးပါတယ်။ ဒီနေ့ထွက်ပေါ်လာတဲ့သတင်း တွေက မမျှတဘူး။ ဒါကြောင့်မို့လို့ လွှတ်တော်ကိုယ်စားလှယ်များရော၊ သက်ဆိုင်ရာဒေသက ပြည်သူ များရော မကျေမလည်ဖြစ်တယ်ဆိုတဲ့ဟာ လွှတ်တော်အတွင်းမှာ ဒီလိုအသံတွေဖြစ်ပေါ်လာတာရှိပါ တယ်။ ဒါ့ကြောင့်မို့လို့ မှန်မှန်ကန်ကန် မျှမျှတတဆောင်ရွက်ပေးဖို့လည်း လွှတ်တော်ကိုယ်စားလှယ် များကိုလည်း လွှတ်တော်ကိုယ်စားလှယ်များရဲ့နေရာမှာ ထားရှိဆောင်ရွက်ပေးဖို့လိုကြောင်းလည်း ကြံ့ကြံ့ကြိုက်တုန်း သက်ဆိုင်ရာဝန်ကြီးဌာနများကိုလည်း ပြောကြားလိုပါတယ်။ ပြောကြားရတဲ့ အကြောင်းအရင်းတွေလည်းရှိပါတယ်။ တော်ပြီ ဒီနေ့တော့ ဒီလောက်နဲ့ပဲပြောရင် ပြန်သုံးသပ်မယ်ဆို သိနိုင်မှာဖြစ်ပါတယ်။

**ကျောင်းကျန်းမာရေးလုပ်ငန်းများ မည်သို့အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်းနှင့် ကျောင်းကျန်းမာရေး သီတင်းပတ်ရောက်မှ ဆောင်ရွက်သည်မျိုးမဟုတ်ဘဲ အမြဲတမ်းဆောင်ရွက်နိုင်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးသန်းမြင့်မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသန်းမြင့်(ဝမ်းတွင်းမဲဆန္ဒနယ်)။** ။ အားလုံးပဲမင်္ဂလာပါခင်ဗျာ။ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်ဖို့ဆိုရင် ထူးချွန်ထက်မြက်ပြီး ကျန်းမာရေးနှင့်ပြည့်စုံတဲ့ လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာစေရန်အတွက် အလွန်ပဲအရေးကြီးလှပါတယ်။ ကျန်းမာသန်စွမ်းတဲ့အရင်းအမြစ်များကို မျိုးဆက်သစ်များကို မွေးထုတ်ဖို့အတွက် ၁၉၉၉-၂၀၀၀ ပညာသင်နှစ်က စပြီးတော့ ဩဂုတ် ဒုတိယပတ်ကို ကျောင်းကျန်းမာရေးသီတင်းပတ်အဖြစ် သတ်မှတ်ပြီး တစ်နိုင်ငံလုံးမှာရှိတဲ့ အခြေခံပညာကျောင်းများနဲ့ ပညာရေးကောလိပ်လေ့ကျင့်ရေးကျောင်းများမှာ နှစ်စဉ်အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း လေ့လာသိရှိရပါတယ်။ ကျောင်းမှန်မှန်တက်ပြီး စာသင်ရက်မပျက်စေဖို့အတွက် ကျန်းမာဖွံ့ဖြိုးဉာဏ်ရည်တိုးစေရန် ကျောင်းကျန်းမာရေးနှင့်သက်ဆိုင်တဲ့ လုပ်ငန်းများကို ကျောင်းတစ်ကျောင်းချင်း၊ ကျောင်းသားကျောင်းသူတစ်ဦးချင်းစီ လိုက်နာဆောင်ရွက်ရန်လိုသလို ဆရာ/မိဘနှင့် ပတ်ဝန်းကျင်ကလည်း ဝိုင်းဝန်းကူညီပံ့ပိုးရန်လိုအပ်ပါတယ်။ ကျောင်းကျန်းမာရေးသီတင်းပတ်ရောက်မှ ဆောင်ရွက်တာမျိုးမဟုတ်ဘဲ အမြဲတမ်းဆောင်ရွက်နေရန်လည်း လိုအပ်ပါတယ်။ ကျောင်းကျန်းမာရေးသီတင်းပတ်ရောက်လျှင် ကျောင်းကျန်းမာရေးလုပ်ငန်းကို ပိုမိုပြီးတော့ အလေးထားဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ကျောင်းကျန်းမာရေးသီတင်းပတ်လုပ်ငန်းဆောင်ရွက်မှုများပြုလုပ်ခြင်းနဲ့ ပြုလုပ်ခြင်းအားဖြင့် ကျောင်းသားကျောင်းသူများကိုယ်တိုင် ကျန်းမာခြင်းရဲ့တန်ဖိုးကို သိရှိနားလည်ပြီးတော့ အလေးထားလိုက်နာဆောင်ရွက်ခြင်းမျိုး မျိုးဆက်သစ်များ ကျန်းမာကြံ့ခိုင်ပညာရည်မြင့်မားတဲ့ နိုင်ငံသားကောင်းများ ပေါ်ထွန်းလာမှာဖြစ်ပါတယ်။ ဒါ့ကြောင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုပါတယ်။ ကျောင်းကျန်းမာရေးလုပ်ငန်းများ အလေးထားဆောင်ရွက်နိုင်ရန် မည်သည့်ရည်ရွယ်ချက်များနှင့် မည်သို့အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း သိရှိလိုခြင်းနှင့် ကျောင်းကျန်းမာရေးသီတင်းပတ်ရောက်မှ ဆောင်ရွက်တာမျိုးမဟုတ်ဘဲ အမြဲတမ်းဆောင်ရွက်နိုင်ရန်အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**မူကြမ်း**

ဥက္ကဋ္ဌ။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်ရှင်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းမြင့်ရဲ့မေးခွန်းနှင့်ပတ်သက်၍ ကျွန်တော်ကပဲ ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ အခြေခံပညာကဏ္ဍတွင် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေးအတွက် ကျောင်းကျန်းမာရေးမြှင့်တင်မှုလုပ်ငန်းများ၊ ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုများကို ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ ကျောင်းကျန်းမာရေးဌာနခွဲနှင့် ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနများနှင့် ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာနတို့မှ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ထို့အပြင် ကျန်းမာကြံ့ခိုင်၍ ပညာရည်မြင့်မားသည့် နိုင်ငံ့သားကောင်းသမီးမွန်များမွေးထုတ်နိုင်ရေးအတွက် ကျန်းမာပျော်ရွှင်သည့်လူမှုဘဝကို ပိုင်ဆိုင်နိုင်စေရန် ဘဝတွက်တာကျွမ်းကျင်စရာဘာသာရပ်ကို ကလေးများငယ်စဉ်ကပင် ကျန်းမာရေးအလေ့အကျင့်ကောင်းများ ရရှိစေရေးအတွက် အခြေခံပညာအဆင့်တိုင်းတွင် သင်ကြားပေးလျက်ရှိပါတယ်။ အခြေခံပညာကျောင်းများတွင် ကျောင်းကျန်းမာရေးလုပ်ငန်းများကို ကျောင်းသားလူငယ်များ၏ ကျန်းမာရေးအဆင့်အတန်းမြင့်မားတိုးတက်စေရန် ကျောင်းသားလူငယ်များမှန်ကန်သော ကျန်းမာရေးပညာနှင့်အပြုအမူများကို သိရှိနားလည်၍ ကိုယ်တိုင်ကျင့်သုံးတတ်စေရန်၊ တစ်သက်တာလုံး ကျန်းမာပျော်ရွှင်သောဘဝပိုင်ရှင်များဖြစ်လာစေရန်၊ ကျောင်းသားလူငယ်များတွင် တွေ့ကြုံခံစားနေရသော ရောဂါပြဿနာများကို စောစီးစွာရှာဖွေကုသပေးရန်၊ ကျန်းမာရေးနှင့်ညီညွတ်၍ သန့်ရှင်းသာယာသော ကျောင်းပတ်ဝန်းကျင်များ ဖြစ်ထွန်းလာစေရန်၊ အာဟာရပြည့်ဝ၍ ကာယ၊ ဉာဏ၊ စာရိတ္တ ကြံ့ခိုင်သောမျိုးဆက်သစ်ကျောင်းသားလူငယ်များ ဖြစ်ထွန်းလာစေရေးအတွက် ပြုစုပျိုးထောင်ပေးရန်၊ ထိရောက်အောင်မြင်သော ကျောင်းကျန်းမာရေးလုပ်ငန်းမှတစ်ဆင့် ကလေးသူငယ်အချင်းချင်း၊ မိသားစု၊ ရပ်ရွာ၊ မြို့နယ်နှင့် တစ်မျိုးသားလုံး၏ ကျန်းမာရေးအဆင့်အတန်းမြင့်မားတိုးတက်လာစေရန် ရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

ကျောင်းကျန်းမာရေးကော်မတီများအဖြစ် ကျောင်းကျန်းမာရေးဗဟိုကော်မတီ၊ တိုင်းဒေသကြီး/ပြည်နယ်ကျောင်းကျန်းမာရေးကော်မတီ၊ ခရိုင်ကျောင်းကျန်းမာရေးကော်မတီ၊ မြို့နယ်ကျောင်းကျန်းမာရေးကော်မတီနှင့် ကျောင်းအဆင့် ကျောင်းကျန်းမာရေးကော်မတီတို့ဖြင့် အဆင့်ဆင့်ဖွဲ့စည်းထားရှိပါတယ်။ ကျောင်းကျန်းမာရေးလုပ်ငန်းကို အဓိကအားဖြင့် ကျောင်းအဆင့်ကျောင်းကျန်းမာရေးကော်မတီကဆောင်ရွက်ပါတယ်။ ကျန်ကော်မတီများက လိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ်အားဖြည့်ကူညီခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကျောင်းကျန်းမာရေးလုပ်ငန်းများကို ပုံမှန်အားဖြင့် ပညာသင်နှစ်အစမှအဆုံးအထိ ဆောင်ရွက်လျက်ရှိပြီး အဆိုပါလုပ်ငန်း၏ အစိတ်အပိုင်းလှုပ်ရှားမှုအဖြစ် သတ်မှတ်ကာ နှစ်စဉ်ဩဂုတ်လ ဒုတိယပတ်တွင် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုကို ပညာရေးပြက္ခဒိန်လုပ်ငန်းတစ်ရပ်အဖြစ် သတ်မှတ်လျက် ကျောင်းနှင့်ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်း၊ ကျောင်းကျန်းမာရေးစစ်ဆေးရေးနှင့်ကုသရေးလုပ်ငန်း၊ ကူးစက်ရောဂါကာကွယ်ရေးလုပ်ငန်း၊ ကျောင်းကျန်းမာရေးပညာပေးလုပ်ငန်း၊ ကျောင်းတွင်းအာဟာရဖွံ့ဖြိုးရေးလုပ်ငန်းတို့ဖြင့် လုပ်ငန်းစဉ်(၅)ရပ်ကို ဆောင်ရွက်လျက်ရှိပါတယ်။

ပုံမှန်ကျောင်းကျန်းမာရေးလုပ်ငန်းများ၊ ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုများအပြင် ကျောင်းသားကျောင်းသူများအားလုံး ကျန်းမာပျော်ရွှင်သည့်လူမှုဘဝကို ပိုင်ဆိုင်နိုင်စေရန်အတွက် ဘဝတွက်တာကျွမ်းကျင်စရာဘာသာရပ်ကို ၁၉၉၈-၁၉၉၉ ပညာသင်နှစ်မှစ၍ အခြေခံပညာအဆင့်အလိုက် သင်ကြားပေးလျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ ဘဝတွက်တာကျွမ်းကျင်စရာဘာသာရပ်သည် ကလေးများ၏လူမှုဘဝတွင် ကျွမ်းကျင်ရမည့်ကျွမ်းကျင်မှုများနှင့် ကျန်းမာရေးအလေ့အကျင့်ကောင်းများဖြစ်သည့်အတွက် ဘဝတစ်လျှောက်လုံးလိုအပ်မည့်ကျွမ်းကျင်မှုအားလုံးကို လေ့ကျင့်ပျိုးထောင်ပေးသည့် ဘာသာရပ်ဖြစ်ပါသဖြင့် ကျောင်းကျန်းမာရေးသီတင်းပတ်ရောက်မှသာ ဆောင်ရွက်ခြင်းမဟုတ်ဘဲ ပညာသင်နှစ်အတွင်း ပုံမှန်ဆောင်ရွက်လျက်ရှိပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ၁၅ မိနစ်ခန့် ခေတ္တရပ်နားပါမယ်။

**အချိန်၊ ၁၀း၃၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**မူကြမ်း**

**အခမ်းအနားမှူး။** ။ အစည်းအဝေးကို ၁ဝး၄၅ မိနစ်တိတိမှာ ပြန်လည်ကျင်းပမှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၅ မိနစ်ခန့် ခေတ္တရပ်နားပါသည်။]

အချိန်၊ ၁ဝး၄၅။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြွရောက်လာပါပြီးခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ဦးအောင်သိန်းလင်း၊ တောင်ဥက္ကလာပမဲဆန္ဒနယ်က နိုင်ငံတော်၏ကုန်သွယ်မှုကဏ္ဍတွင် ကုန်သွယ်မှုလိုငွေမဖြစ်ပေါ်စေရေးအတွက် ပို့ကုန်ဦးဆောင်သည့်တိုးတက်မှုပုံစံဖြင့် နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရေး နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်းက အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ အဆိုတင်သွင်းဖို့ ဦးအောင်သိန်းလင်းအားဖိတ်ခေါ်ပါတယ်။

**ဦးအောင်သိန်းလင်း(တောင်ဥက္ကလာပမဲဆန္ဒနယ်)။** ။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဈေးကွက်စီးပွားရေးစနစ်နဲ့တံခါးဖွင့်ဝါဒကျင့်သုံးတဲ့ နိုင်ငံများရဲ့ ဖွံ့ဖြိုးတိုးတက်ရေးမှာ ကုန်သွယ်ရေးကဏ္ဍဟာ ဦးဆောင်ကဏ္ဍဖြစ်ပြီးတော့မှ အထူးသဖြင့် ပို့ကုန်ဦးဆောင်တဲ့ပုံစံအဖြင့် တိုးတက်ခဲ့ကြတာကို တွေ့ရှိနေရပါတယ်။ ဂျပန်၊ ကိုရီးယား၊ စင်ကာပူ၊ ဟောင်ကောင်၊ ထိုင်ဝမ်စတဲ့ ပို့ကုန်ဦးဆောင်တဲ့နိုင်ငံများဟာ ပို့ကုန်ဦးဆောင်တဲ့တိုးတက်မှုနဲ့ တိုးတက်ခဲ့ကြပါတယ်။ ယခုအခါမှာ သိသိသာသာ တိုးတက်မှုရှိလာခဲ့ကြတဲ့ မလေးရှား၊ ထိုင်း၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ဗီယက်နမ်စတဲ့ နိုင်ငံတွေကလည်း ပို့ကုန်ဦးဆောင်တဲ့ပုံစံဖြင့်သာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ခဲ့ကြတာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံတော်ရဲ့ ပြည်ပကုန်သွယ်မှုအခြေအနေကို ကြည့်မယ်ဆိုလို့

ရှိရင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၂၄၉၂.၇၆၃ သန်း လိုငွေပြခဲ့ပြီးတော့မှ ယခုနှစ် အလားတူကာလမှာ ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၅၀၈၂.၄၅၄ သန်းဖြစ်ပေါ်ခဲ့တာကိုတွေ့ရှိရတဲ့အတွက် နှစ်စဉ်သွင်းကုန်တန်ဖိုး ပမာဏဟာ ပို့ကုန်တန်ဖိုးပမာဏ ထက်ပိုပြီးကြီးမားလာတဲ့အတွက် ကုန်သွယ်မှုလိုငွေပမာဏဟာလည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုကြီးမား လာတာကို စိုးရိမ်စရာအဖြစ်တွေ့လာရပါတယ်။

မိမိတို့ရဲ့ ကုန်သွယ်မှုကဏ္ဍမှာ ပို့ကုန်ဦးဆောင်တဲ့ တိုးတက်မှုပုံစံနဲ့ တစ်နှစ်ထက်တစ်နှစ် ပိုပို ပြီးတော့မှ အလှမ်းဝေးလာနေတယ်လို့ သုံးသပ်ရတဲ့အတွက် ဒီအဆိုကိုတင်ပြရခြင်းဖြစ်ပါတယ်။ ကုန်သွယ်မှုလိုငွေဖြစ်လာတာနဲ့အမျှ တက်ရောက်လာမည့်အကျိုးဆက်တွေ၊ အလားအလာတွေနဲ့ ပတ်သက်ပြီးတော့မှ ရှုထောင့်အမျိုးမျိုးက ကောက်ချက်ချမှုများရှိကြပါတယ်။ ကုန်သွယ်မှုမှာလိုငွေ ဖြစ်လာတာနဲ့အမျှ ကောင်းကြိုးမရှိ ဆိုးကျိုးသာသက်ရောက်မှုများရှိတယ်လို့ သုံးသပ်သူများအနေနဲ့ ကတော့ ကုန်သွယ်မှုလိုငွေကြောင့် နိုင်ငံရဲ့ငွေပေးငွေယူရှင်းတမ်းမှာ သာမန်စာရင်းပါလိုငွေ ပြလာနိုင် ပြီး နိုင်ငံရပ်ခြား ဈေးငွေများတိုးလာခြင်းနဲ့ လက်ရှိအသုံးပြုရမည့်ကုန်စည်နှင့် ဝန်ဆောင်မှုတွေအတွက် ဈေးငှားမှုများပြုလုပ်ရခြင်းကြောင့် အနာဂတ်ကုန်ထုတ်လုပ်မှုများကို ထိခိုက်မှုများရှိလာနိုင်တယ်လို့ ထောက်ပြမှုများရှိနေပါတယ်။ သွင်းကုန်ပမာဏဟာ ပို့ကုန်ပမာဏထက်ကျော်လွန်လာတဲ့အခါ ပြည်တွင်းထုတ်လုပ်မှုလုပ်ငန်းများကို ထိခိုက်မှုများရှိလာနိုင်ပြီး ပြည်တွင်းအလုပ်အကိုင်အခွင့် အလမ်းများ ဆုံးရှုံးမှုများဖြစ်ပေါ်လာနိုင်ကြောင်းထောက်ပြမှုများလည်း ရှိတာကို တွေ့ရှိရပါတယ်။ ကုန်သွယ်မှုလိုငွေဟာ ရေရှည်အကျိုးဖြစ်ထွန်းတဲ့ ရင်းနှီးမြှုပ်နှံမှုများထက် လတ်တလောစားသုံးမှုကို အလေးပေးနေခြင်းကြောင့် လိုငွေဖြစ်ပေါ်လာခဲ့တယ်ဆိုရင်တော့ ရေရှည်ကာလမှာ ပြည်တွင်းမှာရှိတဲ့ အလုပ်အကိုင်အခွင့်အလမ်းများ၊ ကုန်ထုတ်လုပ်မှုများကို တဖြည်းဖြည်းတိုက်စားဖျက်ဆီးလာမှာ ဖြစ်ပါ တယ်။ ၂၀၁၅ ခုနှစ်မှာ ကျွန်တော်တို့နိုင်ငံ ဟာ ASEAN Economic Community (AEC) အဖွဲ့ဝင် နိုင်ငံဖြစ်လာပြီဖြစ်ပါတယ်။ အာဆီယံ စီးပွားရေးအသိုက်အဝန်းအဖွဲ့ဝင်နိုင်ငံဖြစ်လာတာဟာ အကောင်းအဆိုးဒွန်တွဲနေတဲ့ စိန်ခေါ်မှုတစ်ရပ် ဖြစ်ပါတယ်။ AEC အဖွဲ့ဝင်နိုင်ငံများအချင်းချင်း ကုန်သွယ်မှုပြုလုပ်ရာမှာ သွင်းကုန်များအပေါ်မှာ အကောက်အခွန် ၀ ရာခိုင်နှုန်းကနေ ၅ ရာခိုင်နှုန်း အထိ လျှော့ချကောက်ခံဖို့သဘောတူထားတဲ့အတွက် ပြင်ပနိုင်ငံများက သွင်းကုန်အမြောက်အမြား ဝင်ရောက်လာကြတော့မှာဖြစ်ပါတယ်။ အဆိုးဘက်မှာ ကြည့်မယ်ဆိုရင်တော့ ပြည်ပကဝင်ရောက်လာ တဲ့သွင်းကုန်တွေကို မိမိတို့ပြည်တွင်းကထုတ်လုပ်တဲ့ အမျိုးအစားတူ ထုတ်ကုန်များက အရည်အသွေး

အရကော ဈေးနှုန်းအရကော မနိုင်းယှဉ်နိုင်လို့ရှိရင် ထုတ်လုပ်မှုတွေလျော့နည်းကျဆင်းလာပြီး မိမိတို့ရဲ့ အလုပ်ရုံ၊ စက်ရုံတွေ တဖြည်းဖြည်းယိုင်လဲ ပြိုဆင်းသွားမှာ စိုးရိမ်စရာတွေ့နေရပါတယ်။ ဈေးကွက်မှာလည်း သွင်းကုန်ပမာဏတိုးတက်များပြားလာမယ်ဆိုရင် ကုန်သွယ်မှုလိုငွေပမာဏ တစ်နှစ်ထက်တစ်နှစ်ကြီးမားလာပြီး မိမိတို့နိုင်ငံရဲ့ စီးပွားရေးဟာ တစ်ဖြေးဖြေးဆုတ်ယုတ်သွားနိုင်ပါ တယ်။ အကောင်းဘက်မှာ ကြည့်မယ်ဆိုရင်လည်း (AEC) အဖွဲ့ဝင်နိုင်ငံများအကြားမှာ အကောက် အခွန်နှုန်းထားများ သတ်မှတ်ထားတဲ့အတိုင်းလျော့ချနိုင်မှုကြောင့် အာဆီယံနိုင်ငံများအတွင်း ကုန်သွယ်မှုသိသိသာသာ တိုးမြှင့်နိုင်ခဲ့သလို အာဆီယံအပေါင်း (၅)နိုင်ငံများဖြစ်တဲ့ ဂျပန်၊ တောင်ကိုရီးယား၊ တရုတ်၊ အိန္ဒိယ၊ ဩစတြေးလျနဲ့ နယူးဇီလန်နိုင်ငံတို့နဲ့လည်း အခွန်သက်သာ ခွင့်များရရှိလာပြီဖြစ်ခြင်း၊ EU နိုင်ငံများ နှင့်ကုန်သွယ်ရာမှာလည်း အပြန်အလှန်ကျင့်သုံးရန် မလိုတဲ့ အထူးကုန်သွယ်မှု ကင်းလွတ်ခွင့်စနစ် GSB အခွင့်အရေးကိုလည်း ရရှိထားခြင်းစတဲ့ အခွင့်အရေးတွေ ကို အပြည့်အဝအသုံးချပြီး ပို့ကုန်အနေနဲ့ တိုးချဲ့ထုတ်လုပ်တင်ပို့နိုင်ရေး (AEC) အဖွဲ့ဝင်နိုင်ငံများရဲ့ ထုတ်ကုန်များရဲ့ စံချိန်စံညွှန်းအရလည်းကောင်း၊ အရည်အသွေးအရလည်းကောင်း၊ ဈေးနှုန်းအရ လည်းကောင်း၊ ယှဉ်ပြိုင်နိုင်မှုစွမ်းအား တိုးတက်ရေးတို့အပြင် ဈေးကွက်ချဲ့ထွင်ရေးအတွက် အရေးပါ တဲ့ ဈေးကွက်မြှင့်တင်ရေးဆိုင်ရာ မဟာဗျူဟာများ၊ ဈေးကွက်ဝယ်လိုအားကို အဓိကပြဋ္ဌာန်းပေးနေတဲ့ အချက်များကို သိရှိအောင် အစဉ်အမြဲလေ့လာပြီး ယှဉ်ပြိုင်မှုပြုလုပ်နိုင်အောင်လို့ အစိုးရအနေနဲ့ ကြပ်မတ်တွန်းအားပေးဆောင် ရွက်နိုင်မယ်ဆိုရင် မိမိတို့နိုင်ငံရဲ့ ပို့ကုန်ပမာဏ တိုးတက်လာမှာဖြစ်ပြီး ပို့ကုန်ဖွံ့ဖြိုးတိုးတက်မှု သို့မဟုတ် ပို့ကုန်ဦးဆောင်တဲ့ တိုးတက်မှုပုံစံဖြင့် တိုးတက်နိုင်မှာဖြစ်ပါတယ်။ စီးပွားရေးလုပ်ငန်းရှင်တိုင်း ကုန်သွယ်မှုအတတ်ပညာတတ်မြောက်ပြီး၊ အရည်အသွေးနှင့်စွမ်းဆောင် ရည်ပြည့်ဝပြီး စီးပွားရေးကျင့်ဝတ်အလေးထားတဲ့ လုပ်ငန်းရှင်များ များများဖွံ့ဖြိုးတိုးတက်လာဖို့ အထူးလိုအပ်နေပြီ ဖြစ်ပါတယ်။ ပို့ကုန်ဖွံ့ဖြိုးမှုမှတစ်ဆင့် မြန်မာ့စီးပွားရေးသိသိသာသာဖွံ့ဖြိုးတိုးတက် ရေးအတွက် လုပ်ငန်းရှင်တိုင်း ကုန်သွယ်မှုကျွမ်းကျွမ်းကျင်ကျင်လုပ်တတ်အောင် နိုင်ငံတော်အစိုးရ အနေဖြင့် ကြပ်မတ်ပေးရတော့မှာ ဖြစ်ပါတယ်။ မည်သည့်စီးပွားရေးလုပ်ကိုင်သည်ဖြစ်စေ အနည်းဆုံး အာဆီယံနိုင်ငံနဲ့ အိမ်နီးချင်းဈေးကွက်ကို ရောင်းချနိုင်အောင် ကြိုးစားရတော့မှာ ဖြစ်ပါတယ်။ အထူးသဖြင့် ကုန်စည်အရည်အတွက်များများကို ဈေးနှုန်းသက်သက်သာသာဖြင့် ရောင်းချနိုင်ဖို့ အတွက် ထုတ်လုပ်မှုစွမ်းအားမြင့်တက်လာအောင်လည်း တွန်းအားပေးဆောင်ရွက်ရတော့မှာ ဖြစ်ပါ တယ်။ ဥပမာအားဖြင့် မြန်မာ့အဓိကစီးပွားရေးလုပ်ငန်းဖြစ်တဲ့ လယ်ယာစိုက်ပျိုးရေးကဏ္ဍဆိုရင်

မူကြမ်း

သီးနှံအမယ်တိုင်းအခုထက် အလွန်သိသိသာသာ တိုးတက်အောင်ဆောင်ရွက်နိုင်ရင် ထုတ်လုပ်မှုစရိတ်သက်သာမှုနဲ့ နိုင်းယှဉ်ဈေးနှုန်းချိုသာမှုကြောင့် အိမ်နီးချင်းနိုင်ငံကြီးနှစ်နိုင်ငံသို့ များများတင်ပို့နိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် လက်ရှိတင်ပို့နေတဲ့ အခြေခံပို့ကုန်က တန်ဖိုးမြှင့်ကုန်တိုးချဲ့ခြင်း၊ မိမိတစ်ဦးတည်းမလုပ်နိုင်ပါက လုပ်ငန်းတူချင်းပေါင်းစပ်ခြင်း၊ နိုင်ငံတကာလုပ်ငန်းများဖြင့် ပေါင်းစပ်ထုတ်လုပ်ခြင်းမျိုး စတင်သင့်ပြီ ဖြစ်ပါတယ်။ အဲ့ဒီလုပ်ငန်းတွေနဲ့ မြန်မာ့လုပ်ငန်းတွေပေါင်းစပ်ပြီး တန်ဖိုးမြှင့်ကုန်ထုတ်တင်ပို့မှုများ ပိုမိုထုတ်လုပ်တင်ပို့နိုင်မယ်ဆိုရင် မြန်မာ့ပို့ကုန်ဖွံ့ဖြိုးမှု အချိန်တိုအတွင်းမှာသိသိသာသာ တိုးတက် လာမှာဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်အစိုးရအနေနဲ့ ရရှိထားတဲ့ EU ရဲ့ GSB အခွင့်အရေးများ၊ အခြားနိုင်ငံများရဲ့ GSB အခွင့်အရေးများ၊ အာဆီယံအတွင်းရရှိတဲ့ ကုန်သွယ်မှုအခွင့်အရေးများ၊ အာဆီယံအပေါင်း (၅)နိုင်ငံများပေးသည့် ကုန်သွယ်မှုအခွင့်အရေးများကို ယခုထက်ပိုမိုထိထိ ရောက်ရောက်အသုံးချရေး အဖက်ဖက်မှ ကြိုးစားမယ်ဆိုရင် မြန်မာ့ပို့ကုန်များ အရည်အတွက်ကော၊ အရည်အသွေးပါကောင်းလာပြီး တိုးချဲ့တင်ပို့လာနိုင်မှုနဲ့အတူ လျှပ်စစ်မီးများပိုမိုတိုးတက်လာမှု၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်မှုမှတစ်ဆင့် နိုင်ငံသားတိုင်းရဲ့ဝင်ငွေတိုးတက်လာမှုကြောင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနဲ့ ရေရှည်တည်တံ့တဲ့ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဖော်ဆောင်နိုင်မှာဖြစ်တဲ့အတွက် နိုင်ငံတော်ရဲ့ကုန်သွယ်မှုကဏ္ဍမှာ ကုန်သွယ်မှုလိုငွေမဖြစ်စေရေးအတွက် ပို့ကုန်ဦးဆောင်တဲ့ တိုးတက်မှုပုံစံဖြင့် နိုင်ငံတော်ရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်သွားရေး နိုင်ငံတော်အစိုးရက တိုက်တွန်းကြောင်းအဆိုကို တင်သွင်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးသာဝင်း(ရန်ကင်းမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ဧည့်သည်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသာဝင်း ဖြစ်ပါတယ်။ တောင်ဥက္ကလာပမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းလင်းရဲ့ အဆိုကို ထောက်ခံတင်ပြမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ ကျွန်တော်တို့နိုင်ငံအနေနဲ့ နိုင်ငံတကာနဲ့ ကုန်သွယ်မှုလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်လျက်ရှိနေပါတယ်။ ယင်းသို့ဆောင်ရွက်လျက်ရှိတဲ့နေရာမှာ သွင်းကုန်တန်ဖိုးကပို့ကုန်တန်ဖိုးထက် ပိုမိုများပြားနေတဲ့အတွက် နိုင်ငံတော်အစိုးရအနေနဲ့ သွင်းကုန်အစားထိုးစိုက်ပျိုး

ရေးနှင့်ကုန်ထုတ်လုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိနေတာကိုလည်းပဲ တွေ့ရပါတယ်။ တကယ်တော့ သွင်းကုန်အစားထိုးတဲ့ စိုက်ပျိုးရေးနဲ့ ကုန်ထုတ်လုပ်ငန်းများကို တိုးမြှင့်လုပ်ကိုင်စေသလိုပဲ တစ်ဖက်ကလည်းပဲ ကျွန်တော်တို့နိုင်ငံက ထွက်ရှိတဲ့ လယ်ယာထွက်သီးနှံများ၊ ကုန်ပစ္စည်းများအနက် နိုင်ငံတကာစျေးကွက်က ဝယ်လိုအားရှိတဲ့ ကုန်ပစ္စည်းများကို တိုးတက်ထုတ်လုပ်တင်ပို့ဖို့လိုအပ်တာဖြစ်ပါတယ်။ ဒီလုပ်ငန်းတွေကို စနစ်တကျစီမံကိန်းချမှတ်ပြီး ဆောင်ရွက်ရန်လိုအပ်တဲ့အတွက် တောင်ဥက္ကလာပမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းလင်း တင်သွင်းတဲ့ နိုင်ငံတော်၏ ကုန်သွယ်မှုကဏ္ဍတွင် ကုန်သွယ်မှုလိုငွေမဖြစ်ပေါ်စေရေးအတွက် ပို့ကုန်ဦးဆောင်သည့် တိုးတက်ဖွံ့ဖြိုးမှုပုံစံဖြင့် နိုင်ငံတော်၏စီးပွားရေးတိုးတက်အောင် ဆောင်ရွက်သွားရေး နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပြန်လည်ရှင်းလင်း ဖြေကြားဖို့ဖြစ်ပါတယ်။

**ဦးဝင်းမြင့်(ပြည်ထောင်စုဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် ဖြစ်ပါတယ်။ အခုလို ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးမှာ တင်ပြခွင့်ရတဲ့အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားအပ်ပါတယ်။ အစိုးရသစ်လက်ထက် စျေးကွက်စီးပွားရေးစနစ်နဲ့ တံခါးဖွင့်မူဝါဒကျင့်သုံးနေတဲ့အတွက် ကုန်သွယ်မှုကဏ္ဍဟာ တိုင်းပြည်စီးပွားရေးတိုးတက်မှုအတွက် ဦးဆောင်ကဏ္ဍဖြစ်ပါတယ်။ ဒီ့အတွက် ကုန်သွယ်မှုကဏ္ဍတိုးတက်စေဖို့ ကုန်သွယ်မှုဆိုင်ရာဖြေလျှော့မှုများ၊ Trade Liberalization ၊ ကုန်သွယ်မှုလျှင်မြန်ချောမွေ့စေရေး Trade Facilitation၊ ကုန်သွယ်မှုမြှင့်တင်ရေး Trade Promotion နဲ့ ကုန်သွယ်မှုဆိုင်ရာပညာပေးမှုများ Trade Education တို့ကို ဟန်ချက်ညီညီလုပ်ဆောင်နေပါတယ်။ ကုန်သွယ်မှုမူဝါဒအနေဖြင့်လည်း ကန့်သတ်ထားတာ လုံးဝမရှိတော့ဘဲနဲ့ ပိုလျှံတဲ့ ကုန်စည်အားလုံး Exportation Surplus တင်ပို့ခွင့်ပြုသလို ပြည်တွင်းမှာလိုအပ်တဲ့ကုန်စည်များနှင့် ရေရှည်တိုးတက်လာမှုတွေကို အထောက်အကူပြုမယ့်

ရင်းနှီးကုန်စည်များကိုလည်းပဲ လွတ်လွတ်လပ်လပ်တင်သွင်းခွင့်ပြုနေပါတယ်။ ဒါ့ကြောင့်လည်းပဲ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ ဆန်နဲ့ ဆန်ကွဲတင်ပို့မှုအား ၁-၄-၂၀၁၄ မှ ၆-၃-၂၀၁၅ ထိ ၁.၆ သန်း၊ နှစ် ၅၀ အတွင်းမှာ ဆန်စပါးအများဆုံးတင်ပို့နိုင်ခဲ့ပါတယ်။ သို့သော်လည်းပဲ ဦးအောင်သိန်းလင်း မေးခွန်း လိုပါပဲ ကျွန်တော်တို့ ဒီအရေအတွက်ထက် အရည်အချင်း ပို့ကုန်များ နည်းပါသေးတယ်။ ဥပမာပေါ့ ဆန်ဆိုလို့ရှိရင် ကျွန်တော်တို့ ၂၅ မှတ်ပဲ ကျွန်တော်တို့ အများဆုံး ၈၀ ရာခိုင်နှုန်းပို့နိုင်ပါတယ်။ ဒါ့ကြောင့်လည်းပဲ ကျွန်တော်တို့အနေနဲ့ အရည်အသွေးမြင့်မားပြီး ကြိတ်ခွဲထုတ်လုပ်နိုင်ရေးအတွက် ခေတ်မီဆန်စက်တွေဖြစ်တဲ့ ဆာတာကေးဆန်စက်၊ ဗျူလာဆန်စက်များ၊ တချို့လည်းပဲ ဒီဆန်စက်ကြီး တွေ မတည်နိုင်ပါဘူး။ အဲဒီအတွက်လည်းပဲ ခေတ်မီဆန်စက်အစိတ်အပိုင်းဖြစ်တဲ့ **ရာဘာရိုလာ** စပါးအခွံ ချွတ်စက်၊ **ရာဘာဟက်စကာ** ဆန်အရောင်တင်စက်၊ **ရိုက်ပေါ်လစ်ရှာ** ဆန်အရောင်ရွေး တဲ့စက်၊ **ကာလာဆော်ဒါ** ကျောက်ခဲခွဲတဲ့စက်တွေ၊ **ဒစ်စတိုနာ** အလိုအလျောက်ဆန်ရောနှောယူနစ် စက်တွေ၊ ဒီ **ပရိုပိုးရှင်းပရင်တာ**တွေကို ကျွန်တော်တို့ လွယ်လွယ်ကူကူမြန်မြန်ဆန်ဆန်တင်သွင်း ခွင့်ရအောင်၊ အခွန်သက်သာခွင့်ရအောင်တွေ ကျွန်တော်တို့ ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါ့ကြောင့်လည်း ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ စစ်ကိုင်းတိုင်းနှင့် တခြားပြည်နယ်တွေမှာ ခေတ်မီဆန်စက်တွေ အများကြီးတပ်ဆင်နိုင်ပြီးတဲ့အခါမှာ ကျွန်တော်တို့ ၂၅ မှတ်အစား ၅ မှတ်အပြင် တခြားကျွန်တော်တို့ ဥရောပကြိုက်တဲ့ဆန်တွေကို တင်ပို့နိုင်ရေးအတွက် ကျွန်တော်တို့ ဆောင်ရွက် နိုင်တဲ့အတွက် ဈေးနှုန်းပိုမိုရမှာဖြစ်သလို ဈေးကွက်လည်း ယှဉ်ပြိုင်လာနိုင်တော့မှာဖြစ်ကြောင်း တင်ပြ လိုပါတယ်။ လေးနှစ်တာကာလအတွင်းမှာ နိုင်ငံတော်ရဲ့ ရင်းနှီးမြှုပ်နှံမှု၊ ငွေလုံးငွေရင်းအသုံးစရိတ် တစ်နှစ်ထက်တစ်နှစ် ပိုမိုရင်းနှီးမြှုပ်နှံလာသလို ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား Direct ရင်းနှီး မြှုပ်နှံမှု FDI များလည်း သိသိသာသာတိုးတက်လာပါတယ်။ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှု တိုးတက်လာမှုကို ကြည့်မယ်ဆိုရင် ၂၀၁၁-၂၀၁၂ မှာ လုပ်ငန်းပေါင်း ၃၄ ခုမှာ ရင်းနှီးမြှုပ်နှံမှုကျပ် ၂၄၀ ဘီလီယံ၊ ၂၀၁၂-၂၀၁၃ ခုနှစ်မှာ လုပ်ငန်းပေါင်း ၆၅ ခု ကျပ်ငွေ ၁၁၀၄ ဘီလီယံနဲ့ ၂၀၁၃-၂၀၁၄ ခုနှစ်မှာ လုပ်ငန်းပေါင်း ၆၈ ခုနဲ့ ကျပ်ငွေ ၁၂၆၈ ဘီလီယံတို့ထိ တိုးတက်လာသလို အများဆုံးရင်းနှီးမြှုပ်နှံတဲ့ လုပ်ငန်းတွေကတော့ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းနှင့် စက်မှုလုပ်ငန်းများဖြစ်ပါတယ်။

ထို့အတူ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုမှာလည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာပါ တယ်။ ယခုဘဏ္ဍာနှစ် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ အများဆုံးဝင်ရောက်ခဲ့ပါတယ်။ လေးနှစ်အတွင်း မှာ FDI အမေရိကန်ဒေါ်လာ ၁၇.၅ ဘီလီယံရှိတဲ့အပြင် အများဆုံးရင်းနှီးတဲ့ကဏ္ဍတွေကတော့ လျှပ်စစ်

နှင့် စက်မှုလက်မှုကဏ္ဍဖြစ်ပါတယ်။ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုရော၊ FDI မှာ ထုတ်လုပ်မှုကဏ္ဍတွေမှာ ပိုမိုရင်းနှီးမြှုပ်နှံလာတဲ့အတွက် ဈေးကွက်ကို ဦးတည်တဲ့ Market Oriented FDI ရင်းနှီးမြှုပ်နှံမှုတွေဖြစ်ပါတယ်။ တစ်နည်းအားဖြင့် တန်ဖိုးမြင့် ပို့ကုန်လုပ်ငန်းများ ရင်းနှီးလာတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းလင်း အဆိုတင်သွင်းတဲ့ ပို့ကုန်ဦးဆောင်တဲ့တိုးတက်မှုပုံစံ Export Led Growth Model အကောင်အထည်ဖော်နိုင်ရေးအတွက် အခြေအနေကောင်းတွေ ရှိနေပြီလည်း ဖြစ်ပါတယ်။ ဒီအတွက် လက်ရှိကာလများမှာ ရင်းနှီးကုန်စည်တင်သွင်းမှုများ သိသိသာသာများပြားလာပြီးတော့ စုစုပေါင်းသွင်းကုန်ရဲ့ ထက်ဝက်နီးပါးလောက်က ရင်းနှီးကုန်စည် Capital Goods များဖြစ်ပါတယ်။ အဲတော့ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုလည်း တိုးတက်လာသလို တစ်ဖက်ကလည်းပဲ ကျွန်တော်တို့ ပို့ကုန်/သွင်းကုန်တွေများတယ်ဆိုတဲ့နေရာမှာ ရင်းနှီးမြှုပ်နှံမှုပစ္စည်း၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း၊ လူသုံးကုန်ပစ္စည်းဆိုပြီး သုံးမျိုးရှိပါတယ်။ အဓိက ရင်းနှီးကုန်ပစ္စည်းတွေ တင်သွင်းလာခြင်းလည်း ဖြစ်ပါတယ်။ တချို့ ပုဂ္ဂလိကအပိုင်းမှာလည်း ဒါရင်းနှီးကုန်ပစ္စည်းတွေ တော်တော်များများတင်သွင်းလာခြင်းလည်း ဖြစ်ပါတယ်။

ဒါ့အပြင် ပို့ကုန်ဦးဆောင်တဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျတဲ့ အခွန်အကောက်အတားအဆီးများ လျှော့ချခြင်းကိုလည်း နိုင်ငံတော်မှ လိုအပ်တဲ့အစီအမံများ တစ်ဆင့်ပြီးတစ်ဆင့် ဖြေလျှော့ခွင့်ပြုပေးခဲ့ပါတယ်။ ယခင်ပို့ကုန်တန်ဖိုးအပေါ်မှာ ကုန်သွယ်လုပ်ငန်းခွန် ၈ ရာခိုင်နှုန်း ပေးဆောင်ရခြင်းအား အဆင့်ဆင့် ကျွန်တော်တို့ဖြေလျှော့ခဲ့ပြီးတော့ ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကျွန်းသစ်လုံးနှင့် ကျွန်းသစ် ခွဲသားများ၊ သစ်မာ၊ သစ်လုံးနှင့် သစ်ခွဲသားများ၊ ကျောက်စိမ်းနှင့် အခြားအဖိုးတန်ကျောက်မျက်ရတနာများမှအပ ကျန်ကုန်စည်များအားလုံးကို ပြည်ပသို့ တင်ပို့ရောင်းချမှုအပေါ် ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်ပြုထားခဲ့ပြီးလည်း ဖြစ်ပါတယ်။ ကုန်သွယ်မှုနှင့်ဆက်စပ်နေတဲ့ ငွေကြေးဆိုင်ရာမူဝါဒအနေနဲ့လည်းပဲ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ၂၀၁၂ ခုနှစ်၊ ဧပြီလ ၁ ရက်ကစပြီး Manage Float Exchange Rate Regime အနေဖြင့် Manage ဆောင်ရွက်နိုင်တဲ့နှုန်းရှင် Float သတ်မှတ်ဆောင်ရွက်လျက်ရှိပါတယ်။ ထို့အပြင် ပြည်ပသို့ ပို့ကုန်များ ပိုမိုတင်ပို့နိုင်ရေးအတွက်လည်းပဲ ယခင်ကန့်သတ် ကုန်ပစ္စည်းများ ဖြေလျှော့တင်ပို့ခွင့်ပြုခြင်း၊ ပို့ကုန်လိုင်စင်ကြေးမရှိတော့ခြင်း၊ ပို့ကုန်လိုင်စင်အပ်နှံကြေး ကင်းလွတ်ခွင့်ပြုခြင်းများ ပို့ကုန်ပစ္စည်း ၁၅၂ မျိုးအပေါ်မှာ HS Code Line ၉၈၃ လိုင်းဟာ ပို့ကုန်လိုင်စင်လုံးဝလျှောက်ထားရန်မလိုဘဲ တင်ပို့ခွင့်ပြုခြင်းတို့အား လုပ်ထုံးလုပ်နည်း ဖြေလျှော့ခွင့်ပြုခဲ့ပါတယ်။

မူကြမ်း

Export Led Growth ဆောင်ရွက်ရေးအတွက် အရေးပါတဲ့ Export Oriented Industrialization များ ဖြစ်ပေါ်လာရေးအတွက် အထူးစီးပွားရေးဇုန်များဖော်ထုတ်ပြီးတော့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးတက်လာရေး သီလဝါအထူးစီးပွားရေးဇုန်ကဲ့သို့သော စီးပွားရေးဇုန်များ တည်ထောင်လုပ်ကိုင်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ဖိတ်ခေါ်ပြီးတော့ CMP ကဲ့သို့ အလားအလာရှိတဲ့ ပို့ကုန်လုပ်ငန်းများ တိုးတက်စေရေး သက်ဆိုင်ရာဝန်ကြီးဌာနများမှ စုပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပြည်ပကို တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်တင်ပို့နိုင်ရေးအတွက် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (Small and Medium Enterprises- SMES) ကို နိုင်ငံတော်မှ အထူးအားပေးဆောင်ရွက်လျက်ရှိပါတယ်။ စက်မှုလုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းအများစုအား လိုင်စင်မလိုအပ်တဲ့သွင်းကုန် HS Line ၂၀၇၉ လိုင်းမှ ထည့်သွင်းခွင့်ပြုထားပြီးဖြစ်ပါတယ်။ သွင်းကုန်နဲ့ပတ်သက်ပြီး တချို့ကုန်တွေကိုလည်း တဖြည်းဖြည်းလျှော့သွားပြီးတော့ ၂၀၁၅ ခုနှစ် မတ်လကုန်လောက်မှာ တော်တော်များများလျှော့သွားမှာဖြစ်ကြောင်း တင်ပြလိုပါတယ်။

ပို့ကုန်ဦးဆောင်တဲ့ ကုန်သွယ်မှုကဏ္ဍတိုးတက်စေရေးအတွက် ပို့ကုန်ပစ္စည်းများရဲ့ Supply Chain တစ်လျှောက် စီမံပြောင်းလဲဆောင်ရွက်ခြင်း၊ ပို့ကုန်ပို့ဆောင်ရေးနှင့် Logistic Cost များ မျက်ခြေမပြတ်လေ့လာပြီး လိုအပ်တဲ့ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခြင်းတို့အား သက်ဆိုင်ရာဌာနအဖွဲ့အစည်းအားလုံး စုပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ ပို့ကုန်ထုတ်လုပ်မှုလုပ်ငန်းစဉ်တစ်လျှောက် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းပဲ အစိုးရဌာန၊ ပုဂ္ဂလိကဌာနအားလုံးမှ စီမံဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိပြီး ပြည်တွင်းထုတ်လုပ်မှုနှင့် ပြည်ပတင်ပို့တဲ့လုပ်ငန်းစဉ်များအတွက် အားသာချက်ဖြစ်စေမယ့် ဥရောပသမဂ္ဂရဲ့ (GSP - Generalize System of Porpoise) ခံစားခွင့်ကို ပြန်လည်ရရှိခဲ့ပြီး တခြားနိုင်ငံများအနေနဲ့လည်း အခွန်လျှော့ပေါ့ခွင့်နှင့် ကင်းလွတ်ခွင့်များ ရရှိရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ အထူးသဖြင့် အမေရိကန်နိုင်ငံက GSP အခွင့်အရေး ရရှိဖို့အတွက် အဆင့်ဆင့်ဆောင်ရွက်လျက်ရှိပါတယ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဟာ နိုင်ငံတော်ရဲ့ကုန်သွယ်မှုကဏ္ဍမှာ ပြည်ပပို့ကုန်များ ဖွံ့ဖြိုးတိုးတက်ရေး ကမ္ဘာ့ဈေးကွက်မှာ ယှဉ်ပြိုင်နိုင်မှုမြင့်မားလာရေးအတွက် အမျိုးသားအဆင့် ပို့ကုန်မဟာဗျူဟာ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (National Export Strategy-NES) ကို မဟာဗျူဟာဦးတည်ချက်များ ချမှတ်ပြီးတော့ ဦးစားပေးအကောင်အထည်ဖော်ဆောင်ရွက်

သွားမယ့်ကဏ္ဍမှာ ဆန်၊ ပဲအမျိုးမျိုး၊ ဆီထွက်သီးနှံ၊ ရေထွက်ကုန်ပစ္စည်း၊ အထည်အလိပ်နှင့် အဝတ်အထည်၊ သစ်နှင့် သစ်တောထွက်ပစ္စည်း ကုန်စည် ငါးမျိုးအားလည်းကောင်း၊ အလားတူ ဝန်ဆောင်မှုဦးစားပေးကဏ္ဍအဖြစ် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းအားလည်းကောင်း၊ ဖွံ့ဖြိုးရန် အလား အလာရှိတဲ့ကဏ္ဍမှာ ရာဘာပို့ကုန်ကိုလည်းကောင်း ရွေးချယ်ပြီး ဦးစားပေးကဏ္ဍကို အထောက်အကူပြု ဝန်ဆောင်မှုကဏ္ဍ လေးရပ်ကိုပါရွေးချယ်ပြီး ငါးနှစ်စီမံကိန်းအကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိ ပါတယ်။ ပို့ကုန်ဦးဆောင်တဲ့ တိုးတက်မှုပုံစံအတွက် ရရှိမယ့်တိုင်းပြည်အဆင့် စီးပွားရေးအခြေအနေ တည်ငြိမ်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုဟာ GDP ရဲ့ အနည်းဆုံး ၃၀ ရာခိုင်နှုန်းအထက်ရှိခြင်း၊ ပို့ကုန်နှင့် ဆက်စပ်တဲ့ စက်မှုလုပ်ငန်းများ တည်ထောင်ခြင်း၊ နိုင်ငံတကာဈေးကွက်ရရှိခြင်း၊ နိုင်ငံခြားငွေကြေး တန်ဖိုးနိမ့်ခြင်း စတာတွေ ရှိနေပြီဖြစ်လို့ မကြာမီ ပို့ကုန်ဦးဆောင်တဲ့ ဖွံ့ဖြိုးမှုပုံစံလုပ်ဆောင် နိုင်တော့မှာ ဖြစ်ပါတယ်။ ယခုအခြေအနေမှာ ထိရောက်တဲ့ပို့ကုန်မြှင့်တင်ရေး လုပ်ဆောင်ချက်များဖြစ်တဲ့ တန်ဖိုး မြှင့်ပို့ကုန်များ ထွန်းကားလာရေးဥပဒေ၊ ဘဏ္ဍာရေးအထောက်အပံ့ဖြစ်တဲ့ ပို့ကုန်သွင်းကုန်ဘဏ်နှင့် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် Myantrade စနစ်တို့ကို တည်ထောင်ဆောင်ရွက်သွားမယ်ဆို ရင် ပို့ကုန်ဦးဆောင်တဲ့ တိုးတက်မှုပုံစံအမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။

သို့ပါ၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းလင်းရဲ့ အဆိုဖြစ်တဲ့ နိုင်ငံတော်၏ ကုန်သွယ်မှုကဏ္ဍမှာ ကုန်သွယ်မှုလိုငွေမဖြစ်ပေါ်စေရေးအတွက် ပို့ကုန်ဦးဆောင်တဲ့ တိုးတက်မှုပုံစံ ဖြင့် နိုင်ငံတော်ရဲ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရေး နိုင်ငံတော်အစိုးရအား တိုက်တွန်း ကြောင်းအဆိုနှင့်စပ်လျဉ်းပြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ပို့ကုန် မဟာဗျူဟာဖွံ့ဖြိုးတိုးတက်ရေးဦးတည်ချက်များမှာ မြန်မာနိုင်ငံသားများရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုး တိုးတက်ရေးအတွက် တန်းဖိုးမြှင့်ထုတ်လုပ်ခြင်းနှင့် ပို့ကုန်ဦးဆောင်သော စဉ်ဆက်မပြတ်တိုးတက်မှု ဖြစ်စေရန် ဦးတည်ချက်တစ်ရပ် ထည့်သွင်းချမှတ်ပြီး တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ အဆိုရှင် ဦးအောင်သိန်းလင်းက ဆွေးနွေးရှင်းလင်းရန်ရှိပါက သဘောထား ပြောပါ။

**ဦးအောင်သိန်းလင်း(တောင်ဥက္ကလာပမဲဆန္ဒနယ်)။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနကလည်း သိရှိပြီး ဆောင်ရွက်နေတာဖြစ်တဲ့အတွက် ကျွန်တော့်ရဲ့အဆိုကို မှတ်တမ်းတင်ထားပေးရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးအောင်သိန်းလင်း တင်သွင်းသွားတဲ့အဆိုကို ကိုယ်စားလှယ်တစ်ဦးက ထောက်ခံပြီး သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ရှင်းလင်းဆွေးနွေးသွားပါတယ်။ ဒီအဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်ရဲ့အဆုံးအဖြတ် တစ်ပါတည်း ရယူမှာဖြစ်ပါတယ်။ ဦးအောင်သိန်းလင်း တင်သွင်းသွားတဲ့အဆိုကို မှတ်တမ်းတင်ထားရှိရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။ သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ သဘောမတူသူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်း တင်သွင်းတဲ့အဆိုကို လွှတ်တော်က မှတ်တမ်းတင်ထားရှိမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဦးသိန်းလွင်၊ ချောက်မဲဆန္ဒနယ်က ကမ္ဘာ့ရေနံစိမ်းဈေးနှုန်း သိသာထင်ရှားစွာကျဆင်းလာမှုကြောင့် ဖြစ်ပေါ်လာသော အကျိုးဆက်များကို စဉ်ဆက်မပြတ်လေ့လာပြီး နိုင်ငံတော်နှင့် ပြည်သူအများ အကျိုးကျေးဇူးဖြစ်ထွန်းရေး၊ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်စရိတ်များကျဆင်းရေး၊ အထွေထွေ ကုန်ဈေးနှုန်းများကျဆင်းရေးတို့ကို အချိန်နှင့်တစ်ပြေးညီ စနစ်တကျကွပ်ကဲညှိနှိုင်းစီမံဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရသို့တိုက်တွန်းသည့် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ။** ။ ဦးသိန်းလွင်က အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဦးသိန်းလွင် အဆိုတင်သွင်းဖို့ဖြစ်ပါတယ်။

**ဦးသိန်းလွင်(ချောက်မဲဆန္ဒနယ်)။** ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ချောက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလွင်ဖြစ်ပြီးတော့ ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီရဲ့ အတွင်းရေးမှူးတာဝန်ကိုလည်း ထမ်းဆောင်နေရသူဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျွန်တော်

တင်ပြမယ့်အဆိုကတော့ ကမ္ဘာ့ရေနံစိမ်းဈေးနှုန်း သိသာထင်ရှားစွာကျဆင်းမှုကြောင့် ဖြစ်ပေါ် လာသော အကျိုးဆက်များကို စဉ်ဆက်မပြတ်လေ့လာပြီး နိုင်ငံတော်နှင့် ပြည်သူများ အကျိုးကျေးဇူး ဖြစ်ထွန်းရေး၊ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်စရိတ်များ ကျဆင်းရေး၊ အထွေထွေကုန်ဈေးနှုန်းများ ကျဆင်းရေးတို့ကို အချိန်နှင့်တစ်ပြေးညီ စနစ်တကျကွပ်ကဲညှိနှိုင်း စီမံဆောင်ရွက်ပေးနိုင်ပါရန် အဆို ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်အဆိုကို Power Point ဖြင့် တင်ပြခွင့်ပြုပါရန် တောင်းခံအပ်ပါတယ် ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအဆိုကို ရှင်းလင်းတင်ပြခြင်းမပြုမီ ကျွန်တော့် အနေနဲ့ အချက်နှစ်ချက်ကို ဦးစွာတင်ပြလိုပါတယ်။ ပထမအချက်ကတော့ ကမ္ဘာ့ရေနံစိမ်းဈေးနှုန်း တွေဟာ ၂၀၁၄ ခုနှစ် ဇွန်လကတည်းက ကျွန်တော် သိသာထင်ရှားစွာ ရေနံစိမ်းတစ်စည်ကို ဒေါ်လာ ၁၀၀ အောက်ကနေ စတင်ကျဆင်းခဲ့ပါတယ်။ အဲဒီအချိန်ထဲက ဒီအဆိုကို ကျွန်တော်တင်သွင်းဖို့ ဖြစ်ပေ မယ့်လည်း အဲဒီအချိန်က ကျွန်တော်တို့ကော်မတီအနေနဲ့ သတ္တုတွင်းဥပဒေကြမ်းကိုလည်း ဦးစားပေး အချိန်ပေးနေခဲ့ရပြီးတော့ တစ်ဖက်ကလည်း အခြေအနေကို စောင့်ကြည့်နေဆဲမို့ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်နေ့မှာ လွှတ်တော်ရုံးသို့တင်ပြခဲ့ရခြင်းဖြစ်ပါတယ်။ အခု နှစ်လခန့်အကြာ ကျွန်တော်တို့ ဒီနေ့ ၂၃-၃-၂၀၁၅ ရက်နေ့မှာ အဆိုကိုတင်သွင်းခွင့်ပြုခဲ့တဲ့အတွက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးကို အထူးလေးစားကျေးဇူးတင်ပါကြောင်း ပထမဦးစွာတင်ပြလိုပါတယ်။

ဒုတိယအချက်ကတော့ ဒီအဆိုတင်သွင်းတဲ့ဟာမှာ ကျွန်တော့်အနေနဲ့ မည်သည့်အဖွဲ့အစည်း၊ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ထိခိုက်နစ်နာစေလိုတဲ့ဆန္ဒမရှိပါကြောင်း တင်ပြလိုပါတယ်။ ဒီကနေ့ ကမ္ဘာကြီး ဟာ ရွာကြီးတစ်ခုအသွင်ဖြစ်နေပြီး စီးပွားရေးကဏ္ဍမှာ အဓိကမောင်းနှင်အားဖြစ်တဲ့ ကမ္ဘာ့ရေနံ စိမ်းဈေးနှုန်းများ မကြုံစဖူးထူးကဲစွာ ကျဆင်းလာခြင်းရဲ့ဂယက်ဟာ ကမ္ဘာ့နိုင်ငံအသီးသီးသာမက ကျွန်တော်တို့ မြန်မာနိုင်ငံကိုပါ ရိုက်ခတ်နေတာမို့ စွမ်းအင်ဝန်ကြီးဌာနမှာ အနှစ် ၄၀ တာဝန်ထမ်း ဆောင်လာခဲ့ရတဲ့ အတွေ့အကြုံနှင့် လေ့လာချက်များကို ပြည်သူ၊ ပြည်သားများ အကျိုးကျေးဇူး ဖြစ်ထွန်းရေးအတွက် ပြည်သူ့ကိုယ်စားလှယ်တစ်ဦးပီပီ တင်ပြရခြင်းသာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းအခြေအနေ နှင့် မြန်မာ့အခြေအနေကို နှစ်ပိုင်းခွဲခြားပြီးတင်ပြသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ ရေနံစိမ်းဟာ လောင်စာဆီသက်သက်မဟုတ်ပါဘူး။ ကျွန်တော်တို့ Slide မှာ

တင်ပြထားတဲ့အတိုင်း မြန်မာလို ကျွန်တော်ပြန်ပြောရရင်တော့ လက်နက်တစ်ခုလည်းဖြစ်ပါတယ်။ မဟာဗျူဟာမြောက်အရင်းအမြစ်လည်းဖြစ်ပါတယ်။ ကျိန်စာတစ်မျိုးလည်းဖြစ်ပါတယ်။ အကျိုးစီးပွား ကိုဖန်တီးသူ သို့မဟုတ် ဖျက်ဆီးသူလည်းဖြစ်ပါတယ်။ ရှေ့ဆောင်အချက်ပြညွှန်းကိန်းနှင့် Echo Chamber လို့ခေါ်တဲ့ ပဲ့တင်တုံ့ပြန်ပစ္စည်းတစ်ခုလို့လည်း ဆိုစမှတ်ပြုကြပါတယ်။ ဒုတိယကမ္ဘာ စစ်ကြီးအတွင်းမှာ Desert Fox လို့နာမည်ကျော်ကြားလှတဲ့ ဂျာမန်စစ်သူကြီး ရွမ်းမဲလ် သူ့ရဲ့တင့်ကား တပ်မကြီးတွေအတွက် လောင်စာဆီပြတ်လပ်သွားလို့ စစ်မြေပြင်မှာ ရှုံးခဲ့ရတာလည်း ထင်ရှားတဲ့ ဖြစ်ရပ်တစ်ခုပါ။ ဒါကြောင့်မို့ ကျွန်တော်တို့တစ်တွေလည်း ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းအတက်အကျကို မျက်ခြေမပြတ်လေ့လာပြီး ကိုယ့်နိုင်ငံအတွက် လိုအပ်တဲ့ကြိုတင်ပြင်ဆင်မှုတွေနဲ့ စီမံဆောင်ရွက်ရန် ကိစ္စများကို ပြည်သူပြည်သားများအကျိုးကျေးဇူးဖြစ်ထွန်းစေခြင်းငှာ ရှေးရှုတင်ပြရခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ Slide မှာဖော်ပြထားတဲ့အတိုင်း ရေပြင် ညီလိုင်းကတော့ ဒေါ်လာ ၁၀၀ ဖြစ်ပါတယ်။ အနည်းငယ် မှုန်ဝါးနေလို့တောင်းပန်ပါတယ်။ အစိမ်း ရောင်ကတော့ ၁၀၀ အထက်မှာရှိခဲ့တဲ့ ဈေးနှုန်းတွေဖြစ်ပါတယ်။ အနီရောင်ဟာ ၂၀၁၄ ခုနှစ်၊ ဇွန်လ ကတည်းကစပြီးတော့ ၁၀၀ အောက်ကိုကျဆင်းလာတာကို ပြထားခြင်းဖြစ်ပါတယ်။ အောက်ခြေနားမှာ ၂၀၁၅ ခုနှစ် ဇန်နဝါရီမှာတော့ ရေနံစိမ်းတစ်စည်ဟာ အမေရိကန်ဒေါ်လာ ၅၀ အောက်ကိုရောက်ရှိခဲ့ ပါတယ်။ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့မှာတော့ ၅၁.၆၄ သို့ ခေတ္တ ပြန်လည်ဈေးတက် ပြီးတော့ ၁၇-၃-၂၀၁၅ ရက်နေ့မှာတော့ အမေရိကန်ဒေါ်လာ ရေနံစိမ်းတစ်စည်ဟာ ၄၃.၀၈ ဒေါ်လာ သို့ပြန်လည်ကျဆင်းခဲ့ပါတယ်ခင်ဗျား။ အဲဒီတော့ ရေနံစိမ်းဈေးနှုန်းကျဆင်းရတဲ့အကြောင်းတွေ ကတော့ များပါတယ်။ ကမ္ဘာ့ဘဏ်ကထုတ်ပြန်ထားတဲ့ လေ့လာသုံးသပ်ချက်အရ Slide မှာဖော်ပြ ထားတဲ့အတိုင်း အဓိကအချက်ကြီး ခုနစ်ချက်ရှိပါတယ်ခင်ဗျား။ အဓိကအချက်ကြီးခုနစ်ချက်ကတော့ (၁)အမေရိကန်ပြည်ထောင်စုမှာ နုန်းကျောက်များမှ Shale Oil ထုတ်လုပ်ခြင်း၊ (၂)ရေနံတင်ပို့သော နိုင်ငံများ အိုပက်က ရေနံထုတ်လုပ်လျှော့ချခြင်းမပြုရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့ခြင်း၊ (၃) မြောက် အမေရိကနှင့်ယှဉ်ပြိုင်ရာတွင် ဈေးကွက်ဝေစုမကျဆင်းစေရန်အလို့ငှာ အိုပက်မှ ဈေးနှုန်းလျှော့ချ ခြင်း၊ (၄) ရောင်းလိုအားများ ခန့်မှန်းသည်ထက်နှစ်ပေါင်းများစွာမြင့်တက်ခြင်း၊ (၅) ဝယ်လိုအား အဆမတန်ကျဆင်းခြင်း၊ (၆) ဒေါ်လာဈေး၊ ဒေါ်လာတန်ဖိုးမြင့်တက်မှု၊ (၇) ကမ္ဘာ့အချို့ဒေသများတွင် Geopolitic လို့ခေါ်တဲ့ ပထဝီနိုင်ငံရေးတင်းမာမှုများ ရှိနေခြင်းတို့ကြောင့် ဖြစ်ကြောင်း ကမ္ဘာ့ဘဏ်က သုံးသပ်ပြီးတော့ ထုတ်ပြန်ထားပါတယ်။

**မူကြမ်း**

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အနာဂတ်ရေနံဈေးနှုန်းမည်သို့မည်ပုံဖြစ်လာမယ်ဆို တာကိုလည်း ကျွမ်းကျင်သူများက လေ့လာထားတာကို ကျွန်တော် Slide နံပါတ်(၈)မှာ ဖော်ပြထားပါ တယ်။ အဲဒီမှာ အနာဂတ်မှာဖြစ်လာမယ့်ရေနံဈေးနှုန်းဟာ အနိမ့်ဆုံးဒေါ်လာ ၂၀ ကနေပြီးတော့ အများဆုံး ဒေါ်လာ ၂၀၀ အထိ ဖြစ်လာနိုင်မယ်လို့ ခန့်မှန်းထားပါတယ်။ အားလုံးသိတဲ့အတိုင်း ဒေါ်လာ ၂၀၀ ခန့်မှန်းတာက အပေါ်ဆုံးမှာပြထားတဲ့ OPEC အဖွဲ့အစည်းတစ်ခုပဲရှိပါတယ်။ OPEC ကတော့ သူ့အကျိုးကျေးဇူးအတွက် ဒေါ်လာ ၂၀၀ မှန်းပါတယ်။ ကျွန်တော်တို့ နောက်အစဉ်အတိုင်း သွားမယ်ဆိုရင် ဒုတိယက City Group ကနေပြီး ဒေါ်လာ ၂၀ ကနေ ၇၅ လို့မှန်းထားပါတယ်။ ကျွန်တော်တို့ အစဉ်(၃)မှာဆိုလို့ရှိရင် State Mark Capital Management ကတော့ ၆၅ ဒေါ်လာ မှန်းပါတယ်။ နောက်တစ်ဖွဲ့က ဒေါ်လာ ၆၀၊ နောက် ကမ္ဘာမှာနာမည်ကျော်ကြားတဲ့ BB က ၆၀၊ Goldman and Sub-Group Institution က ဒေါ်လာ ၃၀၊ ဗာကလေ Enalizes ၃၀၊ Marubani CEO ကတော့ ၃၀ လောက်ထိကျဆင်းမယ်လို့မှန်းပါတယ်။ ဒီ Slide ကို ကျွန်တော်တို့ပြုစုတဲ့အချိန်မှာ ကျွန်တော်တို့ ဇန်နဝါရီလကုန်လောက်က ပြုစုထားတာပါ။ ကနေ့အထိ ဒီခန့်မှန်းချက်ဟာ မှန်ကန်နေ တာကို တွေ့ရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီတော့ ခုနက ကျွန်တော်တင်ပြတဲ့ ဆက်လက် ဖြစ်ပေါ်မယ့် ခန့်မှန်းချက်တွေဟာ ဘယ်ပေါ်မှာအခြေခံတာလဲဆိုတော့ အမေရိကန်နိုင်ငံရဲ့ Shell Oil ထုတ်လုပ်မှု၊ နောက်အိုပက်အဖွဲ့ဝင်တွေက သူတို့ရဲ့နိုင်ငံဝင်ငွေကာမိစေရေးအတွက် ရေနံစိမ်းတိုးတက် ထုတ်လုပ်မှု၊ စွမ်းအင်ချွေတာမှုတွေကို တိုးတက်အောင်ဆောင်ရွက်နေကြတဲ့အတွက် ကျွန်တော်တို့ နောက်ဒီထဲမှာမပါတဲ့တစ်ချက်က မနေ့က Internet မှာ ကျွန်တော်ဖတ်လိုက်ရပါတယ်။ ကမ္ဘာ့ရေနံ စိမ်းဈေးနှုန်းတွေကျဆင်းလာတော့ ကမ္ဘာ့နိုင်ငံအသီးသီးဟာ မိမိတို့ရဲ့ Statistics Research ရေနံစိမ်း များကို အလုအယက်စုဆောင်းသိုလှောင်ထားကြပါတယ်။ အမေရိကန်နိုင်ငံဟာဆိုလို့ရှိရင် သူ့ရဲ့ Statistics Research ဟာ သူ့ရဲ့သိုလှောင်ကန်အားလုံးပြည့်လုနီးပါးဖြစ်နေပြီလို့ ကျွန်တော်တို့ လေ့လာဖတ်ရှု ရပါတယ်။ အဲဒီတော့ ဒီအချက်အလက်တွေကိုကြည့်မယ်ဆိုရင် ရေနံစိမ်းဈေးနှုန်းများ ဆက်လက်ကျဆင်းနေပြီဆိုတာဟာ ကျွန်တော်တို့ မှန်ကန်တဲ့ ခန့်မှန်းချက်တစ်ရပ်ဖြစ်ကြောင်း တွေ့ရှိရ မှာဖြစ်ပါတယ်။ ဒါက ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းပါ။ ကျွန်တော်တို့ မြန်မာနိုင်ငံအခြေအနေလေး အကျဉ်းမျှ တင်ပြလိုပါတယ်။ ဒါကတော့ မြန်မာနိုင်ငံရဲ့ လက်ရှိ ရေနံစိမ်းထုတ်လုပ်မှုအခြေအနေပါ။ ညာဘက် အောက်နားလေးမှာ ကျွန်တော်တို့ ကြည့်မယ်ဆိုရင် ရေနံစိမ်းထုတ်လုပ်မှုဟာ တစ်ရက်ကို ပျမ်းမျှ

စည် ၈၀၀၀ နဲ့ ကုန်တင်စရိတ်က ၁၂၀၀၀ နှစ်ခုပေါင်းရင် ကျွန်တော်တို့ ၂၀၀၀၀ ပဲထုတ်နိုင်ပါတယ်။ အဲဒီ ၂၀၀၀၀ ကိုလည်း ဒါတိုးတက်ထုတ်လုပ်ဖို့အတွက်တော့ စွမ်းအင်ဝန်ကြီးဌာနက စဉ်ဆက်မပြတ် ကြိုးပမ်းအားထုတ်လျက်ရှိပါတယ်။ ဒီရေနံစိမ်းက ချက်လုပ်လို့ရတဲ့ စက်မောင်းဆီ ဓာတ်ဆီ၊ ဒီဇယ် များဟာ ကျွန်တော်တို့ တိုင်းပြည်တစ်ပြည်လုံးကိုဖြန့်ဖြူးမှုလုံလောက်ခြင်းမရှိတဲ့အတွက် ပြည်ပမှ တင်သွင်းရခြင်းဖြစ်ပါတယ်။ ဒါကတော့ သဘာဝဓာတ်ငွေ့ကိစ္စလေးပါ။

ဒီအချက်က အရေးကြီးပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်အစည်းအဝေး မှာလည်း ဒါကျွန်တော်တင်ပြပြီးသားဖြစ်ပါတယ်။ ဒီအချပ်ရဲ့ Slide ရဲ့ ဘယ်ဘက်အောက်က အထူကြီးဟာ Oil Product Input လို့ပြောထားတာ တကယ်တော့ ကျွန်တော်တို့ ဒီဟာက အဓိက အားဖြင့် စင်ကာပူ၊ မြဝတီ၊ တာချီလိတ်နှင့် တခြားဒေသတွေက နယ်စပ်ဒေသက တင်သွင်းတဲ့ဟာက အားလုံးကိုပေါင်းထားခြင်းဖြစ်ပါတယ်။ ဆိုလိုတာက ကျွန်တော်တို့ ပြည်တွင်းထုပ်လုပ်မှုမလုံလောက်တဲ့ အတွက် ပြည်ပကတင်သွင်းရမှုဟာ ပိုများပြားနေကြောင်း ကျွန်တော်တို့ ပြထားတဲ့ Diagram ရဲ့အထူ အပါးဟာ ကျွန်တော်တင်သွင်းတဲ့ Volume နဲ့ Directly Proportional ဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော် ဥက္ကဋ္ဌကြီးကတစ်ဆင့် လွှတ်တော်ကိုယ်စားလှယ်များကိုတင်ပြလိုတာက အောက်က ညာဘက်ခြမ်း မှတ်ချက်လေးကိုတော့ Transport Consumer 44 Percent of the total ဆိုတာလေးကိုတော့ နောက် Slide မှာလည်း ဆွေးနွေးမှာဖြစ်တဲ့အတွက် သတိချပ်မိဖို့ ကျွန်တော့် အနေနဲ့ တိုက်တွန်းလိုပါတယ်။

အဲဒီတော့ ကျွန်တော်တို့ ဈေးကွက်စီးပွားရေးမူဝါဒသွားတော့မယ်လို့ ဆုံးဖြတ်ပြီးတဲ့ နောက်ပိုင်းမှာ ကျွန်တော်တို့ ဒီ ၂၀၁၀ ခုနှစ်၊ ဇွန်လ ၁၀ ရက်နေ့မှာ နိုင်ငံတော်အစိုးရနေပြီးတော့ ပုဂ္ဂလိက စက်မောင်းဆီဆိုင်များ ဖွင့်လှစ်ခွင့်ပြုခဲ့ပါတယ်။ အဲဒီတုန်းကတော့ အရောင်းဆိုင် ၁၁၆၃ ဆိုင်ရှိပြီးတော့ အခုချိန်မှာတော့ လက်ရှိ ဆိုင်ပေါင်း ၁၄၀၀ ကျော်ရှိသွားပြီလို့ စာရင်းဇယားများအရ သိရပါတယ်။ အဲဒီတော့ ဒီပုဂ္ဂလိက စက်မောင်းဆီအရောင်းဆိုင်တွေကို ဖွင့်လှစ်ခွင့်ပြုတဲ့အခါမှာ ကျွန်တော်တို့ ပြည်ပကတင်သွင်းမှုဟာ Graph မှာပြထားတဲ့အတိုင်း တစ်ဟုန်ထိုးတိုးတက်သွားတာ တွေ့ရမှာဖြစ်ပါတယ်။ အဲဒီတော့ ဒီမှာကြည့်မယ်ဆိုလို့ရှိရင် မြန်မာ့စက်မောင်းဆီဈေးနှုန်းများဟာ ကမ္ဘာ့ရေနံစိမ်းဈေးနှုန်း ကျဆင်းလာကာ ကျွန်တော်တို့နှင့်လိုက်လျောညီထွေမရှိဘဲနဲ့ ဖြည်းဖြည်း သက်သာနဲ့ကျဆင်းနေတာကို ကျွန်တော် ဒီမှာ Graph မှာပြထားခြင်းဖြစ်ပါတယ်။ ဒါတွေက အဲဒီ

Graph တွေမှာ ကျွန်တော် ဒီမှာပြထားပြီးသားဖြစ်ပါတယ်။ Premium, Diesel, Octane 92။ ဒါက ဆန်၊ ဆီဈေးနှုန်းနဲ့ ကျွန်တော်တို့ စက်မောင်းဆီဈေးနှုန်းများကို နှိုင်းယှဉ်တင်ပြထားခြင်းဖြစ်ပါတယ်။ ကျဆင်းမှုကတော့ သိသာထင်ရှားမှုနည်းပါတယ်။ အဲဒီတော့ ဒီနေရာမှာ တစ်ချက် ကျွန်တော်တို့ တင်ပြချင်တာကတော့ ဒါကျွန်တော်ကိုယ်တိုင် ပြီးခဲ့တဲ့အပတ် Sunday က ရန်ကုန်ဆင်းသွားတော့ ကျွန်တော်တို့ ဆိုင်တွေမှာ ဝင်ထည့်တဲ့အခါမှာ ကျွန်တော် ဒါက သိသာထင်ရှားအောင် ဆိုင်နာမည်တွေ ဖော်ပြရခြင်းဖြစ်ပါတယ်။ တောင်ဥက္ကလာပ ကျွန်တော့်အိမ်နားကဆိုင်မှာ ထည့်ခဲ့တဲ့အခါမှာ ဒီ 92 Ron တစ်လီတာဟာ ၆၂၀ ပေး ခဲ့ရပါတယ်။ ၁၁၅ မိုင်မှာ ထပ်ဖြည့်တော့ ၆၈၀ ပေးရပါတယ်။ ဥတ္တရသီရိ လက်ရှိ ကျွန်တော်နေတဲ့ အိမ်နားမှာထည့်တော့ ၆၆၀ ပေးရပါတယ်။ အဲဒီတော့ ရန်ကုန်ကနေလာတဲ့ ဆိုင်မှာ ၆၂၀ ဆိုရင် ဥတ္တရသီရိ၊ ၁၁၅ မိုင်ဆိုင်ဟာ ၆၈၀ ယူတာဟာ တော်တော့်ကို ဆီလျော်မှုမရှိတာ တွေ့ရပါတယ်။ တကယ်တော့ အခု ဥတ္တရသီရိဆိုင်က ဈေးသက်သာတဲ့အနေအထားတောင်ဖြစ်နေ ပါတယ်။ ဒါကလည်း အရေးကြီးတဲ့ အလေးသာချက်တစ်ရပ်ပါ။

အဲဒီတော့ ကျွန်တော့်အနေနဲ့ အကြံပြုချက်လေးတင်ပြလိုပါတယ်။ စက်မောင်းဆီဈေးနှုန်း တွေကို သတ်မှတ်တဲ့နေရာမှာ အရည်အသွေးထိန်းသိမ်းတဲ့နေရာမှာ ကျွန်တော်တို့က စပြီးတော့ ရောက်လာတဲ့အချိန်ကတည်းကစပြီးတော့ ကျွန်တော်တို့ နိုင်ငံခြား စင်ကာပူကပဲဖြစ်ဖြစ်၊ မြဝတီကပဲ ဖြစ်ဖြစ်၊ တာချီလိတ်ကပဲဖြစ်ဖြစ် တင်သွင်းတဲ့အချိန် အဲဒီအချိန်ကတည်းက စက်မောင်းဆီအရည် အသွေးကိုစပြီးတော့ ထိန်းသိမ်းဖို့လိုပါတယ်။ သယ်ယူပို့ဆောင်တဲ့အချိန်၊ ရန်ကုန်ဆိပ်ကမ်းကိုရောက် တဲ့အချိန်၊ နောက်ပြီးတော့ ဆိုင်တွေမှာရှိတဲ့အချိန်၊ နောက်ပြီးတော့ ဆိုင်တွေကနေပြီးတော့ တစ်ခါတည်း အခုလို နယ်တွေကိုပို့တဲ့အချိန်၊ ဆိုင်တွေရဲ့သိုလှောင်ကန်တွေမှာရှိတဲ့ အချိန်တိုင်းမှာ ကျွန်တော်တို့ ဒါကို စိစစ်ဖို့လိုတဲ့အကြောင်း ဒါအကြံပြုတင်ပြထားခြင်းဖြစ်ပါတယ်။ အချိန်အတွယ်မှန်ဖို့ကလည်း ကျွန်တော်တို့ အခုနကလိုပဲ အဆင့်ဆင့်တိုင်းမှာ ကျွန်တော်တို့ ညှိနှိုင်းပြီးတော့ ဆောင်ရွက်ဖို့လိုကြောင်း ကျွန်တော်တင်ပြထားခြင်းဖြစ်ပါတယ်။

ဒီ Slide ထဲမှာ တစ်ခုကျန်သွားတာက ကျွန်တော်တို့ စက်မောင်းဆီရဲ့ ဈေးနှုန်းထိန်းသိမ်းဖို့ ဟာကျန်သွားပါပြီ။ အဲဒီတော့ Propose, Price Magnesium တစ်ခု ထားပြီးတော့ Price Magnesium ကလည်း စောစောက ကျွန်တော်ပြောသလို ရန်ကုန်ဆိပ်ကမ်းကို ရောက်တဲ့ ကျွန်တော်တို့ CIF ရန်ကုန် Price ပေါ်မှာအခြေခံပြီးတော့၊ တာချီလိတ်နှင့်မြဝတီဆိုလည်း တာချီလိတ်

နှင့်မြဝတီမှာ အခြေခံပြီးတော့၊ ဒီစက်မောင်းဆီများကို သိုလှောင်တဲ့စရိတ်တွေ၊ နောက်အလျော့တွက်တွေ၊ နောက်ပြီးတော့ သယ်ယူပို့ဆောင်ခတွေ၊ နောက်ပြီးတော့ Miscellaleous Cost ဆိုတဲ့ Exchange Rate တွေကို ကျွန်တော်တို့ အပြောင်းအလဲမှာထည့်သွင်းစဉ်းစား၊ နောက်ဆိုင်တွေရဲ့ Profit Margin မှာ ထည့်သွင်းစဉ်းစားပြီးတော့ ရောင်းဈေးနှုန်းတွေသတ်မှတ်ဖို့သင့်ကြောင်း ကျွန်တော့်အနေနဲ့ အကြံပြုတင်ပြလိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီစက်မောင်းဆီ ကျွန်တော်တင်ပြသလိုပဲ ပြည်ပမှတင်သွင်းတဲ့ စက်မောင်းဆီဟာ ၇၀ ရာခိုင်နှုန်းလောက် အထက်ရှိပါတယ်။ ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းကျလာရင် ကမ္ဘာ့စက်မောင်းဆီဈေးနှုန်းလည်းကျပါတယ်။ ကမ္ဘာ့စက်မောင်းဆီဈေးနှုန်းကျရင် ပြည်ပကနေ အများဆုံးတင်သွင်းရတဲ့ ပုဂ္ဂလိကတွေရဲ့ ပြည်တွင်းမှာရောင်းတဲ့ဈေးနှုန်းလည်းကျသင့်ပါတယ်။ အဲဒီတော့ စောစောက ကျွန်တော် ဥက္ကဋ္ဌကြီးကတစ်ဆင့် လွှတ်တော်ကိုယ်စားလှယ်များကို မေတ္တာရပ်ခံတဲ့အနေနဲ့ ၄၄ ရာခိုင်နှုန်းဟာ Transport Side ကပါ သုံးတယ်ဆိုရင် ခရီးသည် ကုန်စည်သယ်ယူပို့ဆောင်ခလည်း ကျဆင်းဖို့လိုအပ်ပါတယ်။ အဲဒီကမှတစ်ဆင့် အထွေထွေကုန်ဈေးနှုန်းများလည်းကျဆင်းဖို့လည်း လိုအပ်ကြောင်း ကျွန်တော့်အနေနဲ့ ပြောကြားလိုပါတယ်။

ဒါကြောင့် နိဂုံးချုပ်အနေနဲ့ ကျွန်တော်တင်ပြလိုတာကတော့ စက်မောင်းဆီဈေးနှုန်းများ အချိန်နှင့်တစ်ပြေးညီလိုက်လျောညီထွေကျဆင်းစေရေး စက်မောင်းဆီများရဲ့ အရည်အသွေးနှင့် အချိန်အတွယ်များ မှန်ကန်စေရေးကို လိုအပ်သလို ညှိနှိုင်းထိန်းသိမ်းတည့်မတ်ပေးစေဖို့ လွတ်လပ်သော စည်းကမ်းကြပ်မတ်ရေးကော်မရှင် Independent Regulatory Organize တစ်ခု ဖွဲ့စည်းကြပ်မတ်ပေးရေး၊ အလားတူ အဖွဲ့အစည်းများဖွဲ့စည်းထားပြီးဖြစ်ပါက စက်မောင်းဆီဈေးနှုန်းများထိန်းညှိရေး၊ အရည်အသွေးနှင့် အချိန်အတွယ်များမှန်ကန်စေရေးအတွက် အချိန်နှင့်တစ်ပြေးညီ ပွင့်လင်းမြင်သာထိရောက်စွာဆောင်ရွက်ပေးရေး၊ လူတစ်စု၊ အဖွဲ့အစည်းတစ်ခုက ဈေးကွက်လက်ဝါးကြီးအုပ်ထားပြီး ပြည်သူပြည်သားများရဲ့ ကောင်းကျိုးချမ်းသာကို ရှေးရှုဆောင်ရွက်ဖို့ ပျက်ကွက်နေတယ်ဆိုရင် အဲဒီအုပ်စုကို တရားဝင်ယှဉ်ပြိုင်နိုင်မယ့် နိုင်ငံတကာ စံချိန်မီအခြားပြိုင်ဘက်အုပ်စုများ ဖန်တီးယှဉ်ပြိုင်နိုင်စေရေးနှင့် ကျွန်တော်တို့ နံပါတ်(၄)အချက်အနေနဲ့ ပြည်တွင်း စက်မောင်းဆီဈေးနှုန်းများကျဆင်းလာတာနှင့်အမျှ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးနှုန်းထားများပါ ဆင့်ကဲဖြစ်စဉ်သဘောနှင့် ဆက်လက်ကျဆင်းပြီး အထွေထွေကုန်ဈေးနှုန်းပါ ကျဆင်းလာစေရေးအတွက် စွမ်းအင်ဝန်ကြီးဌာန၊

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာနအပါအဝင် အခြား သက်ဆိုင်ရာအစိုးရနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ပြီး ထိရောက်စွာ အကောင် အထည်ဖော်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တိုက်တွန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အဆိုကိုထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအားဖိတ်ခေါ်ပါတယ်။

**ဦးကြည်သာ(ဂွမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ဂွမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်သာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စွမ်းအင်ကဏ္ဍမှာ အနှစ် ၄၀ တာဝန်ယူခဲ့တဲ့ ချောက်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ အင်မတန်အမြော်အမြင် ကြီးစွာဖြင့် တင်ပြသွားတဲ့အဆိုကို ထောက်ခံတင်ပြသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌ ကြီးခင်ဗျား။ ဒီနေ့ စွမ်းအင်ကဏ္ဍဟာ ကမ္ဘာမှာအလွန်အရေးကြီးပါတယ်။ စွမ်းအင်ပညာရှင်တွေရဲ့ ပြောကြားချက်အရ ၂၁ ရာစုနှစ်မှာ လူသားတစ်ရပ် လူနေထိုင်မှုစနစ်ပုံရိပ်ဟာ စွမ်းအင်ဆိုတဲ့အချက် ကြီးဟာ အဓိကလွှမ်းမိုးထားတယ်လို့သိရပါတယ်။ အဲဒီတော့ စွမ်းအင်ကို တိုင်းပြည်တစ်ပြည်ဟာ ဘယ်လိုရယူသုံးစွဲနေကြတယ်ဆိုတဲ့အပေါ်မှာ မူတည်ပြီး အဲဒီနိုင်ငံရဲ့ မျိုးဆက်သစ်တွေရဲ့အနာဂတ်ကို ဖန်တီးနေတယ်လို့ သိရပါတယ်။ ဥပမာအားဖြင့် အမေရိကန်ပြည်ထောင်စုက ကမ္ဘာ့လူဦးရေရဲ့ ၅ ရာခိုင်နှုန်းမျှသာရှိပေမယ့် ဒီနေ့အမေရိကန်ပြည်ထောင်စုဟာ တစ်နေ့မှာ ရေနံစိမ်းဆီပေါင်း ၁၇.၈ သန်း သုံးစွဲသည်ဖြစ်ကြောင်း ကမ္ဘာ့စွမ်းအင်ရဲ့ ၂၅ ရာခိုင်နှုန်းကို အမေရိကန်ပြည်ထောင်စုက သုံးနေပါ တယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံက လူတစ်ဦး ပျမ်းမျှသုံးစွဲမှုထက် အမေရိကန်နိုင်ငံကလူတစ်ဦးဟာ အဆ တစ်ရာသုံးစွဲနေပါတယ်။ အဲဒီတော့ အမေရိကန်နိုင်ငံရဲ့ကာကွယ်ရေးစနစ်သည် သူ့ရဲ့ရေနံစရိတ် သယ် ယူမယ့်လမ်းကြောင်းကို အဓိကကာကွယ်တဲ့မဟာဗျူဟာရှိတယ်လို့ အတိအလင်းကြေညာထားပါ တယ်။ စွမ်းအင်ကဏ္ဍဟာ တော်တော်အရေးကြီးတယ်ဆိုတာကို ကျွန်တော်တင်ပြလိုခြင်းဖြစ်ပါတယ်။ အဲဒီတော့ ဒီနေ့ အမေရိကန်ပြည်ထောင်စုဟာ နည်းပညာဟာအလွန်တိုးတက်တဲ့အတွက်ကြောင့် ယခင်ကထက် ရေနံကိုတူးဖော်တဲ့စနစ် အရမ်းတိုးတက်လာတယ်။ နောက် Shale ခေါ်တဲ့ ယခင်က တူးဖော်မှုမရှိတဲ့ကျောက်လွှာကထုတ်ယူနိုင်တဲ့အတွက်ကြောင့် သဘာဝဓာတ်ငွေ့တွေ အမြောက်အမြား ရရှိပါတယ်။

ဒီနေ့ ရေနံစိမ်းဈေးကျဆင်းမှုဟာလည်း ခုနက ဦးသိန်းလွင်တင်ပြသလို ဒီအချက်တွေပါပါတယ်။ ဆရာဦးသိန်းလွင် တင်ပြသွားသလို ရေနံကို လက်နက်သဖွယ်သုံးစွဲတာတွေလည်း ရှိတဲ့အတွက်ကြောင့် ကျွန်တော်တို့နိုင်ငံပို့ကုန်ရဲ့ ၄၂.၅ ရာခိုင်နှုန်းရှိတဲ့ သဘာဝဓာတ်ငွေ့တင်ပို့ရောင်းချမှုကိုလည်း အနာဂတ်မှာထိခိုက်နိုင်ပါတယ်။ ဒါတွေ ကျွန်တော်တင်ပြရခြင်းက စွမ်းအင်ကဏ္ဍကို အရေးကြီးတဲ့အတွက်ကြောင့် ပေါ့ပေါ့သေးသေး ကျွန်တော်တို့စဉ်းစားလို့မရပါဘူး။ ဒီနေ့ မြန်မာနိုင်ငံမှာ မှတ်ပုံတင်ထားတဲ့ ယာဉ်အစီးပေါင်း ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိ ၆၇၈၂၃၁ စီးရှိပါတယ်။ ဒါက မော်တော်ယာဉ်ပါ။ အကယ်၍ မော်တော်ဆိုင်ကယ်ရော တခြားစက်ယန္တရားတွေပါ ပေါင်းလိုက်မယ်ဆိုရင် မြန်မာနိုင်ငံမှာ စက်သုံးပြီး စီးတဲ့ယာဉ် ၅၀၂၈၅၃၀ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ လူဦးရေ ၅၂ သန်းရှိတဲ့အတွက်ကြောင့် လူ ၁၀၀၀ မှာ ကား ၁၃ စီး ပိုင်ဆိုင်တဲ့အနေအထားကို ရောက်ရှိနေပါပြီ။ အဲဒီတော့ ၂၀၀၈ ခုနှစ်ကတော့ မြန်မာနိုင်ငံမှာ လူ ၁၀၀၀ မှာ ကား ၄ စီးပဲ ပိုင်ဆိုင်တယ်လို့သိရပါတယ်။ အဲဒီ ၂၀၀၈ ခုနှစ်မှာ မလေးရှားနိုင်ငံမှာ လူ ၁၀၀၀ ဟာ ၂၃၇ စီးပိုင်ခဲ့ပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံဟာလည်း ဒီနှစ်အတွင်းမှာ လူ ၁၀၀၀ မှာ ကား ၁၅ စီးလောက်ပိုင်နိုင်မယ့်အခွင့်အရေးတွေရှိနေတယ်လို့သိရပါတယ်။ အဲဒီတော့ မြန်မာနိုင်ငံမှာ ယနေ့ မော်တော်ကားပဲ ၇၀၀၀၀၀ နီးပါးပဲရှိနေပြီ။ မော်တော်ကားတစ်စီးဟာ တစ်လကို ဂါလန် ၃၀ ပျှမ်းမျှသုံးရင်တောင်မှ သူက တစ်လမှာ ဂါလန်ပေါင်း သန်း ၂၀ လောက် သုံးပါတယ်။ လက်တွေ့မှာ ဒီ့ထက်များနိုင်ပါတယ်။ လီတာပေါင်းဆိုရင် သန်း ၉၀ လောက်ရှိပါတယ်။ အဲဒီတော့ တစ်လီတာပေါ်မှာ ၁၀ ကျပ်ငွေကစားလိုက်ရုံဖြင့် သန်း ၉၀၀ လောက်ကစားနိုင်ပါတယ်။ အခု စာစောင်တချို့မှာ သကြံန်နားနီးတဲ့အတွက်ကြောင့် တစ်လီတာကို ၂၀ လောက် ထပ်တိုးမယ်ဆိုတဲ့သဘောတွေ တွေ့ရပါတယ်။ အဲဒီတော့ ဒီနေ့ ကိုယ်စားလှယ်ကြီး ဦးသိန်းလွင်က စေတနာနဲ့ နိုင်ငံ့အကျိုးအတွက် ထောက်ခံပြတဲ့နေရာမှာ နိုင်ငံတကာရဲ့အခြေအနေကို ဆက်လက်တင်ပြရရင် အိန္ဒိယနိုင်ငံမှာ ဒီဇယ်ဆီကို အစိုးရက Subsidized လုပ်တယ်လို့သိရပါတယ်။ ဘာဖြစ်လို့လဲဆိုရင် သင်္ဘော၊ မီးရထား၊ ကုန်တင်ကားတွေ၊ ဘက်(စ်)ကားကြီးတွေဟာ ဒီဇယ်နဲ့မောင်းပါတယ်။ အဲဒီတော့ ဒီဇယ်ကို နိုင်ငံတော်အစိုးရက Subsidized လုပ်ခြင်းအားဖြင့် ကုန်သွယ်မှုစရိတ်တွေကျပါတယ်။ သို့ရာတွင် ဓာတ်ဆီသည် ပုဂ္ဂလိကပိုင်သွင်းတဲ့အတွက်ကြောင့် ဓာတ်ဆီကို အိန္ဒိယနိုင်ငံမှာ Subsidized မလုပ်ပါဘူး။ ဒီဇယ်ကိုပဲလုပ်ပါတယ်။ အလားတူ ထိုင်းနိုင်ငံမှာလည်း ဓာတ်ဆီ၊ ဒီဇယ်ရောင်းချတဲ့ဆိုင်တွေမှာ Energy Tax ဆိုပြီးတော့ ဒသမရာခိုင်နှုန်းတစ်ခုတောင် ကောက်တယ်ဆိုပြီးတော့ သိရပါတယ်။ ဒါကတော့

ကျွန်တော်နဲ့ လွှတ်တော်နာယကကြီးနဲ့ ထိုင်းနိုင်ငံကိုသွားတုန်းက သူတို့ကို မေးကြည့်တာပါ။ အဲဒီတော့ ဒီ Energy Tax ကို ဘာအတွက်သုံးသလဲလို့မေးတဲ့အခါ စွမ်းအင်သုတေသနလုပ်ငန်းတွေသုံးတယ်လို့ သိရပါတယ်။

ဒီနေ့ အမေရိကန်နိုင်ငံဟာဆိုလို့ရှိရင် ကြံကနေလုပ်တဲ့ Bio ဒီဇယ်ဆီနဲ့ သူတို့ရေတပ်က ရေနံတင်သင်္ဘောကြီးကိုလည်း မောင်းပြီးပါပြီ။ နောက် 747 လေယာဉ်ပျံကြီးကိုလည်း Bio ဒီဇယ်ဆီနဲ့ မောင်းပြီးပါပြီ။ ကျွန်တော်တို့ လွန်ခဲ့တဲ့နှစ်ရက်လောက်က ကမ္ဘာကြီးကိုဆီဖြည့်စရာမလိုတဲ့ Solar Impulse-2 ဆိုတဲ့ Solar လေယာဉ်ပျံကြီးကလည်း မန္တလေးကိုရောက်နေပါပြီ။ ဘယ်နိုင်ငံမှ ဆီဝင်ဖြည့်စရာမလိုပါဘူး။ တခြားနိုင်ငံတွေက ဒီလိုသုတေသနလုပ်ငန်းတွေကို အထူးကောင်းတဲ့အတွက်ကြောင့် ဆီဈေးကျတာလည်းဖြစ်နိုင်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာလည်း ဒီလိုမျိုးသုတေသနလုပ်ငန်းတွေ လုပ်နိုင်အောင် Energy Tax ဆိုတာမျိုးလည်း ထည့်သွင်းစဉ်းစားသင့်တယ်လို့ ကျွန်တော်ယူဆပါတယ်။ ခြုံပြီးတော့ ဆွေးနွေးရလို့ရှိရင် ဒီစွမ်းအင်ကဏ္ဍ အထူးသဖြင့် မြန်မာနိုင်ငံရဲ့ သုံးစွဲမယ့် ဓာတ်ဆီ၊ ဒီဇယ်ဆီ အခုလိုတိုးတက်တဲ့နှုန်းနဲ့ဆိုရင် မြန်မာနိုင်ငံမှာ ကားအမြောက်အမြား ဆက်လက်ပြီးတော့ ဝင်လာမယ်။ လူ ၁၀၀၀ ကို ၁၅ စီးကနေ အစီး ၂၀ ထိဖြစ်နိုင်တယ်။ ရှေ့ဆက်ရှေ့ဆက်ပြီးတော့ ဒီလိုပဲတင်သွင်းသွားမယ်ဆိုရင် အခု ၂၀၁၅-၂၀၁၆ ခုနှစ်မှာပင်လျှင် ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၄၁၀၀ ရှိနေပါတယ်။ အနာဂတ်မှာ ပိုပြီးရှိသွားနိုင်တဲ့အတွက်ကြောင့် ကိုယ်စားလှယ်ကြီး ဦးအောင်သိန်းလင်းကလည်း ဒါကိုအမြော်အမြင်ကြီးစွာနဲ့ အဆိုတင်သွင်းသွားပါတယ်။ အဲဒီတော့ နိဂုံးချုပ်အနေနဲ့တင်ပြချင်တာကတော့ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးသိန်းလွင်ရဲ့အဆိုဟာ အမြော်အမြင်ရှိရှိနဲ့တင်ပြတဲ့အတွက်ကြောင့် ဦးသိန်းလွင်ရဲ့အဆိုအတိုင်း နိုင်ငံတော်အစိုးရက ဆက်လက်လုပ်ဆောင်သင့်ပါကြောင်း ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ အဆိုနှင့်စပ်လျဉ်းပြီး စွမ်းအင်ဝန်ကြီးဌာနက ရှင်းလင်းဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမြင့်ဇော်(ဒုတိယဝန်ကြီး၊ စွမ်းအင်ဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမြင့်ဇော်ဖြစ်ပြီးတော့ မကွေးတိုင်းဒေသကြီး၊ ချောက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလွင်တင်သွင်းတဲ့အဆိုအပေါ်မှာ ပြန်လည်ရှင်းလင်းတင်ပြမှာဖြစ်ပါ

တယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုနှင့်အလားတူတစ်ခုဖြစ်တဲ့ ကမ္ဘာ့ရေနံဈေးနှုန်းကျဆင်းမှုအပေါ်မှာ စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ မည်ကဲ့သို့ထိန်းညှိဆောင်ရွက်နေသည်ကို သိရှိလိုကြောင်းမေးခွန်းအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်နွယ်ဦးမှ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ၁၉-၁-၂၀၁၅ ရက်နေ့မှာ မေးမြန်းလာတဲ့အတွက် စွမ်းအင်ဝန်ကြီးဌာနမှ ကမ္ဘာ့ရေနံဈေးနှုန်းကျဆင်းရခြင်းရဲ့ အဓိကအချက်တွေ၊ ကောင်းကျိုးဆိုးကျိုးတွေ၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍအပေါ်မှာ သက်ရောက်နိုင်တဲ့အချက်တွေ၊ ဈေးနှုန်းကျဆင်းမှုအပေါ် အခွင့်ကောင်းယူပြီးတော့ မိမိတို့နိုင်ငံအနေနဲ့ ဆောင်ရွက်သင့်တဲ့အချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပြီးလည်းဖြစ်ပါတယ်။ အခု မိမိအနေနဲ့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးရဲ့ တင်သွင်းအဆိုပြုချက်များအပေါ်မှာ အဓိကကျတဲ့အချက်များကို ပကတိအခြေအနေအပေါ် အခြေခံပြီးတော့ ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ Power Point အချို့နဲ့လည်း ရှင်းလင်းတင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

ပထမဦးစွာ ကမ္ဘာ့စက်သုံးဆီများရဲ့ ၂၀၁၄ ခုနှစ် နှစ်ဆန်းကနေပြီးတော့ ၂၀၁၅ ခုနှစ် မတ်လအထိ အခြေအနေများကို သိသာထင်ရှားနိုင်အောင် ကျွန်တော်တို့နိုင်ငံရဲ့ အဓိကစက်သုံးဆီ အများဆုံးသုံးနေတဲ့ 92 Ron ဓာတ်ဆီနဲ့ ဒီဇယ်ဆီအခြေအနေကို တင်ပြခြင်းဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ် နှစ်ဆန်းပိုင်းကနေစပြီးတော့ ဈေးကျလာတဲ့အနေအထားဟာ ဧပြီလကနေ တစ်ခါပြန်ပြီးတော့ ဇွန်လလယ်လောက်ထိကို ပြန်တက်ပါတယ်။ အဲဒီရဲ့နောက်မှာ ဇူလိုင်ကနေစပြီးတော့ ရေနံဈေးနှုန်း၊ စက်သုံးဆီဈေးနှုန်းများဟာ ပြန်လည်ကျဆင်းလာပြီးတော့ တောက်လျှောက် ၂၀၁၅ ဇန်နဝါရီ နှစ်ဆန်းပိုင်းအထိ တောက်လျှောက်ပြန်လည်ကျဆင်းလာတဲ့ အနေအထားကနေပြီးတော့ ဖေဖော်ဝါရီ၊ မတ်လမှာ အနည်းငယ် ပြန်တက်လာတဲ့အနေအထားကို သိသာထင်ရှားအောင် ပြသခြင်းပဲဖြစ်ပါတယ်။ ဒီနေရာမှာ ခုနကလည်း လွှတ်တော်ကိုယ်စားလှယ်တော်ကြီး တင်ပြသွားတဲ့အထဲမှာပါပါတယ်။ ကျွန်တော်တို့ ရေနံဈေးနှုန်း ကျဆင်းမှုအခြေအနေတွေဟာ ယခင်ကနဲ့ ဖြစ်ပျက်ခဲ့တာမျိုးမဟုတ်ဘဲနဲ့ မကြုံစဖူးဖြစ်ပျက်ဆိုတဲ့ အနေအထားကို ကျွန်တော်တို့ ဒီနေရာမှာ၊ ဘယ်အချိန်မှာ သတိပြုနိုင်သလဲဆိုတော့ ၂၀၁၄ ခုနှစ် စက်တင်ဘာလမှာ ကမ္ဘာ့နိုင်ငံအသီးသီးဟာ ရေနံဈေးနှုန်းတောက်လျှောက်ကျဆင်းလာတဲ့အခြေအနေကို ကမ္ဘာမှာဖြစ်ပျက်နေတဲ့အခြေအနေတွေနဲ့ အားလုံးဟာ ဂရုပြုလာပြီဖြစ်တယ်ဆိုတာကို ကျွန်တော် တင်ပြလိုခြင်းဖြစ်ပါတယ်။

ဆက်လက်ပြီးတော့ ကျွန်တော်တို့နိုင်ငံမှာရှိတဲ့ စက်သုံးဆီများ ဈေးနှုန်းကျဆင်းလာတဲ့အခြေ အနေလေးကို ဆက်လက်တင်ပြမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီတင်ပြပါဇယားကတော့ ၂၀၁၄ ခုနှစ် နှစ်ဆန်းပိုင်းကနေ စပြီးတော့ ရေနံဈေးနှုန်းဖြစ်ပျက်တဲ့အနေအထားကို တင်ပြထားတာဖြစ်ပါတယ်။ စင်ကာပူ Platts ဈေးနှုန်း Barrel အလိုက်ရယ်၊ ဂါလန်အလိုက်ရယ်၊ နောက် Platts ဈေးနှုန်းအပေါ်မှာ ကွာခြားမှုတွေအလိုက်ရယ်၊ ပုဂ္ဂလိကစက်သုံးဆီဆိုင်တွေကနေပြီးတော့ ရောင်းချနေတဲ့ဈေးနှုန်းရယ်၊ လအလိုက် ပုဂ္ဂလိကဈေးနှုန်းတွေ ပြောင်းလဲသွားမှုအနေအထားတွေကို တင်ပြတာဖြစ်ပါတယ်။ ကျွန်တော်တို့ ၂၀၁၄ ခုနှစ် အောက်တိုဘာလလောက်ကစပြီးတော့ ဒီ စက်သုံးဆီ စင်ကာပူ Platts ဈေးနှုန်းဟာ ၁၀၀ ရဲ့အောက်ကို ကျဆင်းလာတာကို တွေ့ရှိနိုင်မှာဖြစ်ပါတယ်။ အဲဒီအချိန်မှာပဲ ကျွန်တော်တို့နိုင်ငံအနေနဲ့ သတိပြုထားရှိပြီးတော့ ပုဂ္ဂလိကရောင်းနေတဲ့ 92 Ron ဟာဆိုလို့ရှိရင် ၄၁၅၀ ကနေပြီးတော့ အောက်တိုဘာလမှာ ၄၀၅၀၊ ၁၀၀ ကိုစတင်ပြီးတော့ ချပြီးတော့ရောင်းလာတဲ့ အနေအထားဖြစ်ပါတယ်။ အလားတူပဲ ဒီဇယ်ဆီကလည်း အဲဒီလိုပါပဲ။ အောက်တိုဘာလမှာ စပြီးတော့ ၁၀၀ စတင်ပြီးချလာပါတယ်။ ဒီနေရာမှာ ပကတိအခြေအနေအဖြစ်မှန်တွေကို တင်ပြလိုတဲ့ အကြောင်း အရာကတော့ နိုဝင်ဘာလမှာ စက်သုံးဆီဈေးနှုန်း ဆက်လက်ပြီးတော့ ပုဂ္ဂလိကဆိုင်တွေတောင် ချထား ခြင်း၊ ချလာခြင်းမရှိပါဘူး။ ဒါကြောင့်မို့လို့ နိုဝင်ဘာလမကျလာတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ ဖွဲ့စည်းထားတဲ့ ရေနံထွက်ပစ္စည်းများ တင်သွင်း၊ သိုလှောင်၊ သယ်ယူ၊ ဖြန့်ဖြူးရောင်းချခြင်း ထိန်းသိမ်း ရေးကြီးကြပ်မှုကော်မတီကနေပြီးတော့ (၆/၂၀၁၄)အစည်းအဝေးပွဲမှာ မြန်မာနိုင်ငံရေနံထွက်ပစ္စည်း များ တင်သွင်းဖြန့်ဖြူးရောင်းချရေးအသင်းကို ခေါ်ယူပြီးတော့ ကျွန်တော်တို့ရဲ့ပုံမှန်အစည်းအဝေးပွဲမှာ ပဲ ဈေးနှုန်းများအား ဆက်လက်ချထားပေးဖို့ကို ကျွန်တော်တို့ ရှင်းလင်းအသိပေးခဲ့တဲ့အတွက်ကြောင့် မို့လို့ ဒီဇင်ဘာလကနေစပြီးတော့ ဈေးနှုန်းများဟာ စတင်ပြီးတော့ကျလာတာကို ဒီဇယားမှာ တင်ပြ ထားပါတယ်။ 92 Ron ဆိုလို့ရှိရင် ၃၄၅၀၊ ဒီဇယ်ဆီဆိုလို့ရှိရင် ၃၆၅၀ ထိ ဒါ တစ်ဂါလန်ကို 92 Ron မှာ ၆၀၀၊ ဒီဇယ်မှာ ၅၀၀ စပြီးတော့ကျလာပါတယ်။ အဲဒီလိုပဲ ဇန်နဝါရီလမှာ ဆက်ပြီးတော့ ကျလာပါ တယ်။

ဆက်လက်ပြီးတော့ သိသာထင်ရှားလွယ်အောင် ကျွန်တော် Graph များနဲ့တင်ပြမှာဖြစ်ပါ တယ်။ ဒီတင်ပြပါ Graph ကတော့ ခုနက ကျွန်တော်တို့တင်ပြခဲ့တဲ့ ဇယားအပေါ်မှာ သိသာထင်ရှား လွယ်အောင်ရှင်းလင်းတင်ပြတာဖြစ်ပါတယ်။ အပြာရောင်ကော်လံတိုင်များဟာ ဈေးနှုန်းအတက်အကျ ဖြစ်တဲ့ စင်ကာပူ Platts ဈေးနှုန်းကို ဒါ တင်ပြထားတာဖြစ်ပါတယ်။ အနီရောင်ကော်လံတိုင်ကတော့

ပုဂ္ဂလိကဈေးနှုန်း ပြောင်းလဲသွားတဲ့အခြေအနေကို တင်ပြတာဖြစ်ပါတယ်။ ကျွန်တော်တို့ အောက်တိုဘာလမှာ အနီရောင်အတုံးလေးဟာ ၁၀၀ ဈေးနှုန်းကျပါတယ်။ သိတာထင်ရှားလွယ်အောင်လို့ အပြာရောင်ကော်လံဟာ အဲဒီတုန်းကအချိန်တွေဟာ Singapore Platts ဈေးနှုန်းနဲ့ ပြီးခဲ့တဲ့လ Different ဟာ ၂၀၀ လောက်ရှိပါတယ်။ ကျလာတဲ့နှုန်းထားဟာ ၁၀၀ ပဲရှိပါတယ်။ နိုဝင်ဘာလမှာ အနီရောင်နှုန်းထား မတွေ့ရပါဘူး။ ဒါကြောင့်မို့လို့ ခေါ်ယူသတိပေးပြောကြားတဲ့အတွက်ကြောင့်မို့လို့ ဒီဇင်ဘာမှာ စပြီးတော့ ချပါတယ်။ ချတဲ့အခါမှာ Platts ရဲ့ Different ကျတဲ့ဟာက ၄၉၉၊ ၅၀၀ လောက်ရှိတဲ့ အချိန်မှာ ဈေးနှုန်းချပေးတဲ့အနေအထားဟာ ၆၀၀ အထိ ချထားပေးပါတယ်။ နောက် ဇန်နဝါရီမှာဆိုလို့ရှိရင် Sprat ဈေးနှုန်း ၃၇၂ Different လောက်ရှိတဲ့အချိန်မှာ ၁၀၀၀ အထိ ဒါ ကျွန်တော်တို့ ချပေးတဲ့အနေအထားဖြစ်ပါတယ်။ ဆိုလိုတာကတော့ ကျွန်တော်တို့နိုင်ငံမှာ အကျိုးသက်ရောက်မှုရှိအောင် စက်သုံးဆီများရဲ့ ဈေးနှုန်းသက်ရောက်မှု၊ အကျိုးသက်ရောက်မှုရှိအောင်ဆိုတာကို ကျွန်တော်တို့ဖွဲ့စည်းထားတဲ့ ကြီးကြပ်မှုကော်မတီကနေပြီးတော့ ဒီ IPT အသင်းနဲ့ ပူးပေါင်းဆောင်ရွက်တာပဲ ဖြစ်ပါတယ်။ အဲဒီလိုပဲ ဖေဖော်ဝါရီလမှာ ဈေးနှုန်းပြန်ပြီးတော့ တက်လာတဲ့အနေအထားဖြစ်ပါတယ်။ အပြာရောင်ကတော့ Platts ဈေးနှုန်း Different ကို ဒါ ၃၅၀ လောက်ရှိတဲ့ အနေအထားမှာ ၃၂၀ ပြန်တက်တဲ့အနေအထားဖြစ်ပါတယ်။ မတ်လထဲမှာ ၂၀၂ ရှိတဲ့အချိန်မှာ ၁၀၀ ပဲ ကျွန်တော်တို့က ပြန်ထိန်းထားပါတယ်။ ဆိုလိုတာကတော့ ကိုယ်စားလှယ်တော်ကြီး ဆွေးနွေးသွားတဲ့ အထဲမှာလည်းပဲ ယခင်တင်ပြသွားတဲ့အထဲမှာလည်း ပါပါတယ်။ ကျွန်တော်တို့ဆီမှာ တက်လာတဲ့ ဈေးနှုန်းအတိုင်း ကုန်ဈေးနှုန်းတွေက တအားကြီးမြင့်လာတဲ့ အလေ့အထတွေ ယခင့်ယခင်က ဖြစ်ခဲ့ဖူးတာတွေကို သင်ခန်းစာရယူပြီးတော့ ကျွန်တော်တို့က ဒီအနေအထားနဲ့ စက်သုံးဆီဈေးနှုန်းကို ထိန်းသိမ်းထားတာဖြစ်ပါတယ်။ တင်ပြပါပုံကတော့ 92 Ron ကိုတင်ပြတာဖြစ်ပါတယ်။

အလားတူပဲ ဒီဇယ်ဆီဈေးနှုန်းကိုလည်းပဲ ကျွန်တော်တို့ ယခုလိုပဲ တင်ပြခဲ့တဲ့ 92 Ron အတိုင်းပဲ ကျွန်တော်တို့က ထိန်းသိမ်းပြီးတော့ ဈေးနှုန်းအတက်အကျတွေကို အားလုံးကို ချိန်ညှိပေးထားတာ ဖြစ်ပါတယ်။ ဒီနေရာမှာ နိုင်ငံတကာနဲ့အနေအထားကို နှိုင်းယှဉ်ပြီးတော့ တင်ပြတာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံကနေပြီးတော့ ဈေးနှုန်းကျလာတဲ့အနေအထားဟာ အောက်ဆုံးမှာ နံပါတ် (၈) အနေအထား ၂၀၁၅ ခုနှစ်မှာ အောက်ဆုံးအဆင့်မှာရှိပါတယ်။ နံပါတ်(၇)က တရုတ်နိုင်ငံဖြစ်ပြီးတော့ ထိပ်ဆုံးမှာဆိုလို့ရှိရင် စင်ကာပူနိုင်ငံဖြစ်ပါတယ်။ ဒါကတော့ Different Country, Different Policy အနေနဲ့ စင်ကာပူဆိုလို့ရှိရင် သူတို့နိုင်ငံမှာ အခုနေက ထောက်ခံသွားတဲ့ လွှတ်တော်ကိုယ်စားလှယ်

တော်ကြီး ဆွေးနွေးသွားတဲ့အထဲထဲမှာ ပါပါတယ်။ Energy Tax တွေ စင်ကာပူဆိုရင် ပြီးခဲ့တဲ့ ရက်ပိုင်းက Energy Tax တွေတိုးပြီးတော့ ကောက်လိုက်တဲ့အတွက်ကြောင့်မို့လို့ အဲဒီမှာ စက်သုံးဆီ ဖြန့်ဖြူးရေး ဆောင်ရွက်နေတဲ့ ကုမ္ပဏီကြီးများက လိုက်ပြီးတော့ ကျွန်တော်တို့ကို ဒါဈေးလိုက်ပြီး တက်လာတဲ့အတွက်ကြောင့်မို့လို့ သူတို့ဆီမှာ ပြန်ပြီးတော့ ဒီဟာကို ထိန်းညှိရတဲ့အခြေအနေတွေရှိလာ တယ်ဆိုတာကို သက်ဆိုင်ရာစင်ကာပူ စီးပွားရေးကုမ္ပဏီကပဲ ကျွန်တော်တို့ကို သတင်းအသိပေး အကြောင်းကြားလာတာတွေရှိပါတယ်။ အဲဒီတော့ ဒီ Graph ရဲ့တင်ပြလိုတာကတော့ ကျွန်တော်တို့ ကျဆင်းလာတဲ့ နိုင်ငံတကာဈေးနှုန်းတွေအပေါ်မှာ ကျွန်တော်တို့နိုင်ငံကနေပြီးတော့ ကျလာတဲ့ ဈေးနှုန်းဟာ အနိမ့်ဆုံးအခြေအနေ၊ အနည်းဆုံးအခြေအနေဖြစ်တယ်ဆိုတာကို သိသာထင်ရှားအောင် ကျွန်တော်တင်ပြခြင်းဖြစ်ပါတယ်။

အဲဒီလိုပဲ ဒီဇယ်အနေအထားမှာလည်းပဲ ကျွန်တော်တို့နိုင်ငံအနေနဲ့ အနိမ့်ဆုံးအနေအထားရှိနေ တယ်ဆိုတာကို တင်ပြလိုခြင်းဖြစ်ပါတယ်။ ဆက်လက်ပြီးတော့ ကျွန်တော်တို့ ကိုယ်စားလှယ်တော်ကြီး ဆွေးနွေးသွားတဲ့အထဲထဲမှာ Statistics Result ဆိုတဲ့ မဟာဗျူဟာ ဆီအနေအထားလေးကိုလည်း ကျွန်တော် ရှင်းလင်းတင်ပြလိုပါတယ်။ အဲဒါရှင်းလင်းမတင်ပြခင်မှာ ကျွန်တော်တို့ စက်သုံးဆီနဲ့ ပတ်သက်ပြီးတော့ ဒီဝယ်ယူရတဲ့အခြေအနေနဲ့ပတ်သက်ပြီးတော့ Platts အခြေအနေလေးတွေ ကျွန်တော် အနည်းငယ်ရှင်းလင်းတင်ပြလိုပါတယ်။

ကျွန်တော်တို့ Platts ဆိုတာ ဘာလဲဆိုတဲ့အခါမှာ Platts ဆိုတာ Singapore Platts ဆိုတာ ကမ္ဘာ့ရေနံနှင့် ရေနံထွက်ပစ္စည်းများရဲ့ နေ့စဉ်ပေါက်ဈေးစံသတ်မှတ်ချက် တစ်ခုပဲဖြစ်ပါတယ်။ ကျွန်တော်တို့ စက်သုံးဆီဝယ်ယူရတဲ့အခြေအနေမှာ ဒါ ဘယ်ပေါ်မှာ အခြေခံပြီးတော့ ဝယ်ယူရသလဲ ဆိုလို့ရှိရင် MOPS လို့ခေါ်တဲ့ Mean of Platts Singapore Plus Premium ဈေးနှုန်းဖြစ်ပါတယ်။ အဲဒီတော့ MOPS ဆိုတဲ့ဟာက ဘာလဲဆိုတဲ့အခါမှာ ကျွန်တော်တို့ ရေနံစိမ်း သို့မဟုတ် စက်သုံးဆီ တစ်ခုခုကို ဝယ်တော့မယ်ဆိုလို့ရှိရင် သင်္ဘောတင်ရက်ရှိပါတယ်။ အဲဒီသင်္ဘောတင်ရက်ရဲ့ Before and After နှစ်ရက် စုစုပေါင်း ပျမ်းမျှငါးရက်ရဲ့ဈေးနှုန်းကို ဒါ ကျွန်တော်တို့က Mean of Platts Singapore လို့ ကျွန်တော်တို့က သတ်မှတ်ပြီးတော့ ဝယ်ယူရတာဖြစ်ပါတယ်။ အဲဒီလိုသတ်မှတ်ပြီး ဝယ်ယူရတဲ့အခါမှာ ဒီဈေးနှုန်းဟာ အဲဒီသင်္ဘောတင်ရက်ကနေ ပျမ်းမျှဈေးနှုန်း ၅ နဲ့စားလို့ရတဲ့ဟာ အပြင် Plus Premium ။ Premium ဆိုတဲ့ဟာကတော့ သူရဲ့သယ်ယူပို့ဆောင်ခတွေ၊ သူစီစဉ်ရတာတွေ၊

သင်္ဘောငှားခတွေ ဒါတွေကတော့ ပြောင်းလဲတဲ့ဈေးနှုန်းတစ်ခုဖြစ်ပါတယ်။ ဝယ်ယူတဲ့သူရဲ့ ဒါဈေးပြိုင်စနစ်နဲ့ဝယ်ယူတဲ့သူရဲ့အပေါ်မှာ ရွေးချယ်မှုအပေါ်မှာ Awarded ဖြစ်သွားတဲ့ကုမ္ပဏီအပေါ်မှာ ဒီ Premium ဈေးနှုန်းဟာ အခြေခံပြီးတော့ ပြောင်းလဲမှာဖြစ်ပါတယ်။ ဒီဟာလေးကို ကနဦးအနေနဲ့ ရှင်းလင်းတင်ပြရတဲ့ရည်ရွယ်ချက်က ဒီနေ့ ရေနံဈေးနှုန်းဟာ ၅၀ ဖြစ်နေတယ်။ ကျွန်တော်တို့ ၅၀ နဲ့ ဝယ်လို့မရပါဘူး။ ကျွန်တော်တို့ အချိန်ကာလတစ်ခု သတ်မှတ်ပြီးတဲ့အချိန်မှာ အဲဒီသတ်မှတ်ထားတဲ့ အချိန်ကာလအတိုင်း လုပ်ထားတဲ့ Period အတွင်းလေးထဲမှာ ဖြစ်ပျက်နေတဲ့ Platts ဈေးနှုန်းနဲ့ အခုနက MOPS ဈေးနှုန်းကို ကျွန်တော်တို့က သင်္ဘောတင်တဲ့ရက်နဲ့ ချိန်ညှိပြီးတော့ ဒါဖြစ်ပျက်တဲ့ အခြေအနေအရ ဝယ်ယူရတာဖြစ်ပါတယ်။ ဆိုလိုတာသည် ယနေ့ ၅၀ ဖြစ်ပေမယ့် မိမိရတဲ့အချိန်ဟာ ဆိုလို့ရှိရင် ၅၀ ဖြစ်ချင်မှ ဖြစ်ပါမယ်။ ၆၀ လည်းဖြစ်ချင်မှ ဖြစ်ပါမယ်။ ၆၀ ထက်ပိုတာလည်း ဖြစ်မယ် ဆိုတာကို ကျွန်တော်ရှင်းလင်းတင်ပြတာဖြစ်ပါတယ်။ အဲ့ဒီတော့ ကျွန်တော်တို့နိုင်ငံမှာ ခုနကတင်ပြသွားတဲ့ Statistics Result ဆိုတဲ့အနေအထားမှာ ကျွန်တော်တို့အနေနဲ့လည်း ဒီနိုင်ငံတော်ရဲ့ ကမ္ဘာ့စက်သုံးဆီနဲ့ပတ်သက်ပြီးတော့ ကျဆင်းလာတဲ့အနေအထားနဲ့ ပတ်သက်ပြီးတော့ နိုင်ငံတော်အကြီးအကဲများကလည်း အမြော်အမြင်ရှိရှိနဲ့ အခုချိန်မှာ ဝယ်ယူထားသင့်ပြီဆိုတာကို ဒါကျွန်တော်တို့အနေနဲ့ သုံးသပ်တွေ့ရှိရတဲ့အတွက်ကြောင့် နိုင်ငံတော်ကနေပြီးတော့ ဒီ Statistics အရန်ဆီများကိုလည်း ကျွန်တော်တို့က စီစဉ်ဆောင်ရွက်ထားပြီးလည်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့စီစဉ်ဆောင်ရွက်ထားတဲ့ လုပ်ငန်းရဲ့တစ်စိတ်တစ်ဒေသကို ပြည်သူလူထု ကျွန်တော်တို့သိရှိနိုင်အောင်လို့ဆိုပြီးတော့ နိုင်ငံပိုင်သတင်းစာများမှာ ၁၈-၃-၂၀၁၅ ကျွန်တော်တို့မတ်လအတွင်းထဲမှာ နိုင်ငံပိုင်သတင်းစာများမှာ ထည့်သွင်းပြီးတော့ အသိပေးထားပါတယ်။ အဲ့ဒီနေ့ ၁၆ ရက်နေ့မှာဆိုရင် သင်္ဘောတစ်စီးဖြစ်တဲ့ MT Semua Sejati သင်္ဘောဟာ ကျွန်တော်တို့ရဲ့ သန်လျင်ရေနံချက်စက်ရုံမှာ ဆိပ်ကမ်းကို စက်မောင်းဆီတွေရောက်ရှိပြီးတော့ ဒါလက်ခံရရှိနေပြီဆိုတဲ့အကြောင်းကို ကျွန်တော်တို့အနေနဲ့ အများပြည်သူသိရှိအောင် ဖော်ပြထားပြီးလည်းဖြစ်ပါတယ်။ ဒါတင်ပြပါပုံကတော့ ဆိုက်ကပ်ထားတဲ့ သင်္ဘောအနေအထားကို တင်ပြထားတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ကတော့ နိုင်ငံတော်အရန်ဆီများနဲ့ပတ်သက်ပြီးတော့လည်း စီစဉ်ဆောင်ရွက်ထားရှိပြီးဖြစ်ပါတယ်ဆိုတာကို ဒီနေရာမှာရှင်းလင်းတင်ပြလိုပါတယ်။

အဲဒီလိုပဲ ဒါရေနံဈေးနှုန်းကျဆင်းလာတဲ့အပေါ်မှာ ကျွန်တော်တို့နိုင်ငံအပေါ်မှာ သက်ရောက်နိုင်တဲ့အခြေအနေအချို့ ရှိတယ်ဆိုတာကိုလည်းပဲ ကျွန်တော်တို့ ဒါလက်ခံထားပါတယ်။ အဲ့ဒီအတွက်

ကြောင့်မို့လို့ ဒီရေနံဈေးနှုန်းကျဆင်းမှုကြောင့် သဘာဝဓာတ်ငွေ့ဈေးနှုန်းတွေကလည်း အထိုက်အလျောက်အားဖြင့် ကျလာနိုင်တယ်ဆိုတာကို ကျွန်တော်တို့က ကြိုတင်ပြီးတော့လည်း သိရှိစဉ်းစားထားပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ နိုင်ငံမှာလက်ရှိ အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ ရတနာ၊ ရဲတံခွန်၊ ရွှေနဲ့ဇောတိက စီမံကိန်းများမှ ရတနာဓာတ်ငွေ့ထုတ်လုပ်မည့်အခြေအနေကို ကျွန်တော်တို့သုံးသပ်တဲ့အခါမှာ စီမံကိန်းအသစ်ဖြစ်တဲ့ ရွှေနဲ့ဇောတိက စီမံကိန်းတို့ဟာ ကျွန်တော်တို့ လာမည့် အခုဘတ်ဂျက်နှစ်ထဲမှာ သတ်မှတ်ပမာဏကို အပြည့်အဝထုတ်လုပ်နိုင်မယ်လို့ ကျွန်တော်တို့အနေနဲ့ရည်မှန်းချက်ထားပြီးတော့ ဆောင်ရွက်နေပါတယ်။ ဒီသဘာဝဓာတ်ငွေ့ရောင်းချတဲ့အခြေအနေကနေပြီးတော့ ရရှိလာတဲ့ဝင်ငွေတွေဟာ ဈေးနှုန်းကျဆင်းတဲ့အတွက်ကြောင့် အနည်းငယ်ဒီဝင်ငွေလျော့သွားမှာဖြစ်တယ်ဆိုတာကို ခန့်မှန်းမိတဲ့အတွက်ကြောင့်လည်းပဲပိုပြီးတော့ ကျွန်တော်တို့ထုတ်ပြီးတော့၊ ပြန်လည်ပြီးတော့ဝင်ငွေကို ပြည့်မီအောင်လို့ ဆောင်ရွက်သွားမှာဖြစ်တယ်ဆိုတာကိုလည်း ရှင်းလင်းတင်ပြလိုပါတယ်။ စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ ဆောင်ရွက်နေတဲ့အပိုင်းလေးမှာ ပြည်တွင်းလျှပ်စစ်ဓာတ်အားထုတ်လုပ်မှုနဲ့ စက်ရုံအချို့သုံးစွဲမှုအတွက် သက်သာသောဈေးနှုန်း Subsidized Price နဲ့လည်း ဖြန့်ဖြူးရောင်းချပေးနေတဲ့အခြေအနေများကိုလည်း ဆောင်ရွက်နေရတာပဲဖြစ်ပါတယ်။ ဒီလိုပဲ ရေနံဈေးနှုန်းကျဆင်းလာတဲ့အပေါ်မှာ အခြေခံပြီးတော့ ကျွန်တော်တို့နိုင်ငံကိုဝင်ရောက်ပြီးတော့ ရင်းနှီးမြှုပ်နှံတဲ့ လူတွေဟာလည်းပဲ အထိုက်အလျောက်အားဖြင့် တုံ့နှေးနိုင်တယ်ဆိုပြီးတော့ အမြင်ကောင်းလည်း ထင်မြင်ယူဆနိုင်ပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့နိုင်ငံရဲ့ ပထဝီအနေအထားအရရယ်၊ ကျွန်တော်တို့အိမ်နီးနားချင်း အနေအထားအရ စွမ်းအင်လိုအပ်ချက်နဲ့ စွမ်းအင်ဈေးကွက်မဟာဗျူဟာကျတဲ့ တည်နေရာအနေအထားမှာ ရှိနေတဲ့အတွက်ကြောင့်မို့လို့ ဒီကမ္ဘာ့ရေနံဈေးနှုန်းကျဆင်းမှုဟာ ကျွန်တော်တို့ နှစ်နိုင်ငံရဲ့ ရေနံနဲ့သဘာဝဓာတ်ငွေ့လုပ်ငန်းများမှာ စိုးရိမ်စရာအနေအထားတစ်ခုမဟုတ်ကြောင်းကိုလည်းပဲ ကျွန်တော်ရှင်းလင်းတင်ပြဖို့လိုပါတယ်။ အဲဒီလို ရင်းနှီးမြှုပ်နှံမှုအပိုင်းတွေ နှောင့်နှေးနေနိုင်တယ်ဆိုတဲ့ အခြေအနေပေါ်မှာလည်းပဲ လက်တွေ့အခြေအနေအရ ရှင်းလင်းတင်ပြရမယ်ဆိုရင် ကျွန်တော်တို့နောက်ဆုံး အပြည်ပြည်ဆိုင်ရာ တင်ဒါခေါ်ယူခဲ့တဲ့ ကမ်းလွန်ရေတိမ်၊ ရေနက်လုပ်ကွက် တွေထဲကနေပြီးတော့ လုပ်ကွက် ၂၀ မှာ၊ လုပ်ကွက် ၁၁ ခုကိုလည်း ထုတ်လုပ်မှုကို ခွဲဝေခံစားရေးစာချုပ်အနေနဲ့ ချုပ်ဆိုထားပြီးလည်း ဖြစ်ပါတယ်။ မနက်ဖြန်မှာဆက်လက်ပြီးတော့လည်းကောင်း၊ လကုန်ရက် ၃၁ ရက်နေ့မှာလည်းပဲ ဆက်လက်ပြီးတော့ အဲဒီစာချုပ်များကိုလည်း ရင်းနှီးမြှုပ်နှံမှုများ ဆက်လက်ပြီးတော့ စာချုပ်ချုပ်ဆိုလုပ်သွားမှာဖြစ်ပါတယ်။ ဒီနေရာ

မှာလည်းပဲ နှောင့်နှေးနိုင်တဲ့အနေအထားတွေ၊ ရင်းနှီးမြှုပ်နှံမှုတွေ၊ နှေးလာနိုင်မဲ့အနေအထားတွေကလည်း သံသယရှိစရာမလိုပါဘူး။ စာချုပ်မှာပါတဲ့အတိုင်းပဲ လုပ်ရမယ့်လုပ်ငန်းစဉ်တွေအတိုင်း ကျွန်တော်တို့ ဘယ်အချိန်မှာတော့ဖြင့် EIA၊ SIA လုပ်ပါမယ်။ ဘယ်အချိန်မှာတော့ဖြင့် ဒီ Study Period လုပ်ပါမယ်။ ဘယ်အချိန်မှာတော့ဖြင့် Seismic လုပ်ပါမယ်။ ဘယ်အချိန်မှာတော့ဖြင့် ဒီ Appreciate တွေထုတ်ပါမယ်။ ဒါတွေကို သတ်မှတ်ထားတဲ့ ကာလအတိုင်း စာချုပ်ထဲမှာထည့်သွင်းပြီးတော့ ဟန်ချက်ညီညီနဲ့ ကျွန်တော်တို့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဆက်လက်ပြီးတော့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး တင်ပြသွားတဲ့အထဲမှာ စက်မောင်းဆီအရည်အသွေးနဲ့ပတ်သက်ပြီးတော့ ဒါဆွေးနွေးသွားတာရှိပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့အနေနဲ့ ဒီဈေးကွက်စီးပွားရေးစနစ်ကို ပြောင်းလဲကျင့်သုံးလာတဲ့အချိန်မှာ ပုဂ္ဂလိကကဏ္ဍကနေပြီးတော့မှ ဒီရေနံထွက်ပစ္စည်းတင်သွင်းခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ ကော်မတီဖွဲ့စည်းပြီးတော့ ဆောင်ရွက်ထားတာရှိပါတယ်။

အဲဒီမှာ ဖွဲ့စည်းထားတဲ့အနေအထားမှာ အမိန့်ကြော်ငြာစာအမှတ်၊ (၈၈/၂၀၁၁)နဲ့ ကျွန်တော်တို့ ရေနံထွက်ပစ္စည်းများ၊ တင်သွင်း၊ သိုလှောင်၊ ဖြန့်ဖြူးခြင်းလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီကို ဒါဖွဲ့စည်းထားခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီကော်မတီမှာ စွမ်းအင်ဝန်ကြီးဌာနရဲ့ ဒုတိယဝန်ကြီးများက ဥက္ကဋ္ဌများအဖြစ်ဆောင်ရွက်ပြီးတော့ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ညွှန်ကြားရေးမှူးချုပ်)၊ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဒုတိယရဲချုပ်၊ မီးသတ်ဦးစီးဌာန(ညွှန်ကြားရေးမှူးချုပ်)၊ စွမ်းအင်ဝန်ကြီးဌာနမှာရှိတဲ့ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးချုပ်နဲ့ စီးပွားရေးကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန (ညွှန်ကြားရေးမှူးချုပ်)၊ သတ္တုတွင်းဝန်ကြီးဌာန(ညွှန်ကြားရေးမှူးချုပ်)၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန(ဒုတိယညွှန်ကြားရေးမှူးချုပ်)အပါအဝင် ကျွန်တော်တို့ မြန်မာနိုင်ငံစက်သုံးဆီ တင်သွင်းဖြန့်ဖြူးရောင်းချတဲ့အသင်းရဲ့ဥက္ကဋ္ဌကပါ အဖွဲ့ဝင်အဖြစ်ပါဝင်လျက် ကျွန်တော်တို့ ဒီကော်မတီကို ဖွဲ့စည်းပြီးတော့ ဆောင်ရွက်ထားတာ ဖြစ်ပါတယ်။ အဲ့ဒီကော်မတီရဲ့ လုပ်ငန်းတာဝန်တွေလည်း ကျွန်တော်တို့ သတ်မှတ်ထားပါတယ်။ အဲဒီမှာ ခုနက တင်ပြသွားတဲ့ စက်မောင်းဆီအရည်အသွေးထိန်းသိမ်းရေးလည်း ကော်မတီရဲ့လုပ်ငန်းတာဝန်ထဲမှာ ပါပါတယ်။ ကျွန်တော်တို့ အဲဒီမှာ လုပ်ငန်းတာဝန်ဝတ္တရားဆိုလို့ရှိရင် အချိန်ကိုငဲ့ညှာသောအားဖြင့် ခြောက်ခုသတ်မှတ်ထားပါတယ်။ ခြောက်ခုသတ်မှတ်ထားပြီးတော့ အရည်အသွေးစစ်ဆေးရန်ဓာတ်ခွဲခန်းများ သတ်မှတ်ပေးခြင်းအထိပါ

**မူကြမ်း**

ကျွန်တော်တို့ ဒါထည့်သွင်းပြီးတော့ ဆောင်ရွက်ထားတာဖြစ်ပါတယ်။ အလားတူပဲ အဲဒီကော်မတီများ အပြင် ပြည်နယ်/တိုင်းဒေသကြီးအဖွဲ့များမှာလည်းပဲ ကျွန်တော်တို့ ဆပ်ကော်မတီတွေ ဖွဲ့စည်းထားပါ တယ်။ ဒါကတော့ ပြည်နယ်/တိုင်းဒေသကြီးကော်မတီတွေကနေပြီးတော့ သူတို့ရဲ့အစီအစဉ်နဲ့ ဥက္ကဋ္ဌ၊ အချို့ပြည်နယ်/တိုင်းဒေသကြီးမှာ ဝန်ကြီးအဆင့်ထိ ကျွန်တော်တို့ တာဝန်ပေးပြီးတော့ ဆောင်ရွက်နေ တဲ့အနေအထား ရှိပါတယ်။ ဒီအရည်အသွေးစစ်ဆေးခြင်းမှာ ကျွန်တော်တို့ စက်သုံးဆီကို အရည် အသွေးကောင်းမွန်ရန်အတွက်ကို ကျွန်တော်တို့အနေနဲ့ Mobile Fuel Lab ယာဉ်ခြောက်စီးကို ပြည်ပ ကနေပြီးတော့ မှာယူတင်သွင်းခဲ့ပြီးတော့ စက်သုံးဆီအရည်အသွေးနဲ့ အချိန်အတွယ်ပြည့်မီမှုကို စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိပါတယ်။ အရည်အသွေးစစ်ဆေးခြင်းမှာ အဓိကအားဖြင့် ကျွန်တော်တို့က စက်သုံးဆီရဲ့အရောင်၊ နောက် Specific Gravity၊ Research Octane Number လို့ခေါ်တဲ့ Room Number၊ ပြီးတော့တစ်ခါ အချင်အတွယ် လေးဂါလန်စံခွက်တို့ကို ကျွန်တော်တို့က ကိုက်ညီမှုရှိ/မရှိကို အဓိကထားပြီးတော့ Mobile Lab တွေနဲ့ ဒါစစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိ တယ်ဆိုတဲ့အကြောင်းကို တင်ပြရှင်းလင်းလိုပါတယ်။

အဲတော့ ဒီဆွေးနွေးသွားတဲ့ထဲမှာ စက်သုံးဆီအရည်အသွေးကို စရောက်ကတည်းကနေပြီးတော့ ထိန်းသိမ်းဖို့ လိုတယ်ဆိုတာလည်း ဒါအင်မတန်ကောင်းမွန်တဲ့အကြံပြုချက်ပါ။ ခုနက တင်ပြပါအတိုင်း သဘော်၊ ကျွန်တော်တို့ Jetty ကိုကပ်တဲ့အချိန်ကနေစပြီးတော့ အဲဒီစက်သုံးဆီမချမီမှာ ဒီစက်သုံးဆီ ဟာ အရည်အသွေးပြည့်/မပြည့်ဆိုတာကို ကျွန်တော်တို့ တညင်ရေနံချက်စက်ရုံမှာရှိတဲ့ ဓာတ်ခွဲခန်းမှာ ကျွန်တော်တို့က စမ်းသပ်ပါတယ်။ စမ်းသပ်တဲ့အခါမှာ ပြည့်မီမှုရှိတယ်ဆိုတဲ့အတွက် ပြည့်မီမှုရှိမှသာ လျှင် ဒီဆီကို ကျွန်တော်တို့က ချခွင့်ပြုတာဖြစ်ပါတယ်။ ဒါလေးကိုလည်း ရှင်းလင်းတင်ပြခြင်းဖြစ်ပါ တယ်။

အဲဒီလိုပဲ အရည်အသွေးတင်မကဘူး။ စက်သုံးဆီဈေးနှုန်းများကိုလည်းပဲ ဒါထိန်းသိမ်းတဲ့အနေ နဲ့ ဖွဲ့စည်းထားတဲ့ ဆပ်ကော်မတီတွေက နေ့စဉ် ကျွန်တော်တို့ကို သတင်းပို့ပါတယ်။ သက်ဆိုင်ရာ မြန်မာနိုင်ငံရေနံနှင့် ရေနံထွက်ပစ္စည်း၊ ဖြန့်ဖြူးရောင်းချရေးအသင်း MPTA အနေနဲ့လည်း ဒီဈေးနှုန်း ကို အခုအခါမှာ အပတ်စဉ် ထုတ်ပြန်ကြေညာသွားမယ်ဆိုတာလည်း ညှိနှိုင်းထားရှိပြီးလည်းဖြစ်ပါ တယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ကိုယ်စားလှယ်တော်ကြီးရဲ့ နောက်ဆုံးအဆိုပြုတဲ့ စက်သုံးဆီ ဈေးနှုန်းများကျဆင်းလာတဲ့အတွက် ခရီးသည်နှင့် ကုန်စည်သယ်ယူပို့ဆောင်ရေးစရိတ်များ၊ ကျဆင်း

သင့်ပြီဖြစ်ရာ အထွေထွေကုန်ဈေးနှုန်းများ ကျဆင်းလာရေးအတွက် စွမ်းအင်ဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာနအပါအဝင် အခြားသက်ဆိုင်ရာအစိုးရ အဖွဲ့အစည်းတွေ၊ ပုဂ္ဂလိကအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ လိုတယ်ဆိုတဲ့အကြောင်းကို လည်းပဲ ကျွန်တော်တို့က လက်ခံပါတယ်။ ဒီပို့ဆောင်ရေးဝန်ကြီးဌာနဟာ ဆိုလို့ရှိရင် ခရီးသည်နဲ့ ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းမှာ အဓိကဝင်ငွေအနေနဲ့ ရှာဖွေလျက်ရှိတဲ့နေရာမှာ ဌာနပိုင်တဲ့ရေယာဉ် တွေ၊ တွန်းရေယာဉ်တွေကို ပုဂ္ဂလိကနဲ့အဖွဲ့အစည်းများကို ငှားရမ်းသောစနစ်ဖြင့် ဆောင်ရွက်လျက် ရှိပါတယ်။ ပြင်ပမှာ စက်သုံးဆီဈေးနှုန်းကျဆင်းနေတဲ့အတွက်ကြောင့် ဌာနက ငှားရမ်းထားတဲ့ ရေယာဉ် တွဲယာဉ်တွေ ပြင်ပမှစက်သုံးဆီကို ဝယ်ယူပြီးတော့ ပြေးဆွဲလျက်ရှိပါတယ်။ ဌာနကနေပြီးတော့ ခရီး လမ်းပြေးဆွဲတဲ့ ရေယာဉ်တွေဟာ စွမ်းအင်ဝန်ကြီးဌာနမှ သတ်မှတ်ထားတဲ့ ဈေးနှုန်းနဲ့ ဝယ်ယူပြေးဆွဲ လျက်ရှိပြီးတော့ ခရီးသည်ခနှင့် ကုန်ခများတိုးမြှင့်ကောက်ခံခြင်းနှင့် လျှော့နည်းကောက်ခံခြင်းတို့ကို ဆောင်ရွက်ရာမှာ သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ သဘောထားမှတ်ချက်ရယူ ပြီးမှသာ ဆောင်ရွက်လျက်ရှိပါတယ်။ ရထားပို့ဆောင်ရေးဝန်ကြီးဌာနအနေနဲ့ဆိုလို့ရှိရင်လည်း လူစီး ရထားနေ့စဉ်မှာ ပျမ်းမျှ ၄၂၉ စင်းနှင့် ကုန်တင်ရထား ၂၉ စင်း ပြေးဆွဲလျက်ရှိပြီးတော့၊ လစဉ် ဒီဇယ် ဆီပျမ်းမျှ ၈၇၃၀၀၀ ခန့် အသုံးပြုလျက်ရှိပါတယ်။ လက်ရှိစွမ်းအင်ဝန်ကြီးဌာနကနေပြီးတော့ ရောင်းချ ပေးနေတဲ့ ဈေးနှုန်းကို ကမ္ဘာ့ရေနံဈေးနှုန်းကျဆင်းလာပြီးတော့ ပြန်လည်ပြုပြင်သတ်မှတ်ရန် စွမ်းအင် ဝန်ကြီးဌာနအနေနဲ့ စီစဉ်ဆောင်ရွက်လျက်ရှိတဲ့ အတွက်ကြောင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန အနေနဲ့လည်း လာမယ့် ဘဏ္ဍာရေးနှစ်များမှာ ပို့ဆောင်ရေးကုန်ကျစရိတ်များ ကျဆင်းသက်သာလာ မှာဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့အနေနဲ့လည်း ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့လည်း ကုန်ဈေးနှုန်းတည်ငြိမ်ရေး ထိန်းသိမ်း ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမှ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ပြည်ထောင်စု ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များမှ ပုဂ္ဂိုလ်များပါဝင်ပြီးတော့ ကုန်ဈေးနှုန်းများ တည်ငြိမ်ရေးကို ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းကိုလည်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အားဖြင့် ကမ္ဘာ့ရေနံဈေးနှုန်းများ ကျဆင်းလာမှုအပေါ်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရရဲ့ လမ်းညွှန်မှုနဲ့ စွမ်းအင်ဝန်ကြီးဌာနမှ ဖြစ်ပေါ်လာနိုင်တဲ့

အကျိုးဆက်များကို စဉ်ဆက်မပြတ်လေ့လာပြီးတော့ နိုင်ငံတော်နှင့် ပြည်သူများရဲ့အကျိုးအတွက် အဖက်ဖက်မှ စဉ်းစားပြီးတော့ တင်ပြရှင်းလင်းခဲ့တဲ့အတိုင်း ဆောင်ရွက်ထားရှိပြီးဖြစ်ပါသဖြင့် မကွေး တိုင်းဒေသကြီး၊ ချောက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလွင်ရဲ့ အဆိုဟာ ကောင်းမွန်တဲ့အဆိုတစ်ရပ်ဖြစ်ပြီးတော့ နိုင်ငံတော်နဲ့ မိမိတို့ဝန်ကြီးဌာနမှလည်းပဲ အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိတဲ့ ကိစ္စရပ်များဖြစ်ပါသဖြင့် တင်ပြပါအဆိုအား မှတ်တမ်းတင်ထားရှိပေးနိုင်ပါ ရန် ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ အဆိုရှင် ဦးသိန်းလွင်ရဲ့ သဘောထားပြောပါ။

**ဦးသိန်းလွင် (ချောက်မဲဆန္ဒနယ်)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အဆိုနဲ့ပတ်သက် ပြီးတော့ သက်ဆိုင်ရာပြည်ထောင်စုအစိုးရဝန်ကြီးဌာန ဒုတိယဝန်ကြီးက ပြည့်ပြည့်စုံစုံ ရှင်းလင်းတင်ပြ သွားတာကြားသိရလို့ ကျေးဇူးတင်ပါတယ်ခင်ဗျာ။ ဒီနေရာမှာ ကျွန်တော့်အနေနဲ့ တစ်ချက်လေး ဖြည့်စွက်တင်ပြချင်တာက ကျွန်တော်တို့ ဒီ၂၀၁၄ ခုနှစ်၊ အောက်တိုဘာ ၂၇ ရက်နေ့မှာ လျှပ်စစ် ဥပဒေကို ကျွန်တော်တို့ ပြဋ္ဌာန်းပြီးသားဖြစ်ပါတယ်။ လျှပ်စစ်ဥပဒေမှာ လျှပ်စစ်ဓာတ်အားခနှုန်းထား တွေကို ကျွန်တော် သတ်မှတ်နိုင်တဲ့နေရာမှာ အကြံဉာဏ်ပေးဖို့ လျှပ်စစ်ဓာတ်အားစနစ် နည်းပညာ ဆိုင်ရာစည်းမျဉ်းစည်းကမ်းများနှင့် စံချိန်စံညွှန်းများ၊ ပြုစုရေးဆွဲရာမှာ အကြံပေးဖို့ စံချိန်စံညွှန်းများကို လိုက်နာရန် ကြပ်မတ်ဆောင်ရွက်ဖို့ လျှပ်စစ်ဆိုင်ရာပစ္စည်းကိရိယာများ ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း စတဲ့ကိစ္စရပ်များမှာ ကျွန်တော်တို့ ကြီးကြပ်ဖို့အတွက် Independent Commission တစ်ခု ထည့် သွင်းဖွဲ့စည်းထားပြီးဖြစ်ပါတယ်။ အခု စွမ်းအင်ဝန်ကြီးဌာနက ကျွန်တော်တို့ တတ်နိုင်သမျှ ရေနံဈေး ကျဆင်းမှုအတွက်ကို လိုက်နာပြီးတော့ ဆောင်ရွက်နေတယ်ဆိုပေမယ့် ဒါတွေက ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ် ဥပဒေပြုရေးနဲ့ပတ်သက်တဲ့ပုဂ္ဂိုလ်များကတော့ ဥပဒေထဲမှာ ဒါကို ထည့် သွင်းပြီးတော့ ကျွန်တော်တို့ လျှပ်စစ်ဥပဒေမှာလိုပဲ ကျွန်တော်တို့အခု စွမ်းအင်ဝန်ကြီးဌာနက ဆောင်ရွက်နေတဲ့ ရေနံဥပဒေမှာလည်း ကျွန်တော်တို့ စက်မောင်းဆီများရဲ့ ဈေးနှုန်း၊ အရည်အသွေးနဲ့ အချင်အတွယ်များကို ကျွန်တော် Independent Regulatory Commission တစ်ခု အဆိုပြု ထည့်သွင်းထားမယ်ဆိုရင်တော့ ကျွန်တော်တို့ ဒီဥပဒေရှိပြီဆိုရင်တော့ ဒီဥပဒေအရ အားလုံးက တိုက် တွန်းသည်ဖြစ်စေ၊ မတိုက်တွန်းသည်ဖြစ်စေ ဆောင်ရွက်ရမှာဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ ဒါလေးကိုလည်း ဖြည့်စွက်ပြီးတင်ပြလိုပါတယ်။ နောက်အခု ကျွန်တော်တင်ပြတဲ့ ကျွန်တော်တို့

ဒီအဆိုဟာ ကျွန်တော်တို့ ပြည်သူပြည်သားများရဲ့ အကျိုးကျေးဇူးအတွက်ကို အချိန်နဲ့တစ်ပြေးညီ ကျွန်တော်တို့ ဆက်လက်ဆောင်ရွက်နေရမယ့်ကိစ္စဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော်တို့ အချိန်နဲ့တစ်ပြေးညီ စဉ်ဆက်မပြတ်ကြပ်မတ်ပေးပြီး ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ပေးပါရန်နဲ့ ယင်း ဆောင်ရွက်ချက်များကို ပြည်သူ့လွှတ်တော်မှ အနီးကပ် အချိန်နဲ့တစ်ပြေးညီ စောင့်ကြပ်စောင့်ကြည့် သွားသင့်ပါကြောင်းနှင့် ကျွန်တော့်အဆိုကို ပြည်သူ့လွှတ်တော်အစည်းအဝေးရဲ့ အဆုံးအဖြတ်ရယူလိုပါ ကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ ။** ။ အဆုံးအဖြတ်ရယူဖို့ဆိုတဲ့နေရာမှာ အခု သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီး ဌာနက ဒီအဆိုအတိုင်း ဆက်လက်ဆောင်ရွက်နေပါတယ်။ ဒါကြောင့်မို့လို့ မှတ်တမ်းတင်ထားရှိဖို့ ဆိုပြီးတော့ ဆွေးနွေးသွားပါတယ်။ အဆိုရှင်ကတော့ လွှတ်တော်ရဲ့အဆုံးအဖြတ် ရယူပေးပါဆိုတဲ့ နေရာမှာ ခုနက သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်အဆိုပြုတင်ပြတဲ့ မှတ်တမ်းတင် ထားရှိတဲ့အပေါ် လွှတ်တော်ရဲ့အဆုံးအဖြတ်ကို ရယူပေးဖို့လား သို့မဟုတ်လို့ရှိရင် တခြားမည်သည့် နည်းနဲ့ ဆုံးဖြတ်ပေးဖို့ဆိုတာ ပြန်လည်ရှင်းလင်းတင်ပြပေးဖို့ဖြစ်ပါတယ်။

**ဦးမြင့်ဇော်(ဒုတိယဝန်ကြီး၊ စွမ်းအင်ဝန်ကြီးဌာန )။** ။ တင်ပြနေတဲ့ဆောင်ရွက်ချက်များသည် ကျွန်တော်တို့က အချိန်နဲ့တစ်ပြေးညီ စဉ်ဆက်မပြတ် လုပ်ကိုင်ဆောင်ရွက်သွားဖို့အတွက်ကို ဒါကို ကျွန်တော်က ဖြည့်စွက်ပြီးတော့ ကျွန်တော်တို့က ဒီဥစ္စာ အဆိုတစ်ရပ်ကို မှတ်တမ်းတင်ရုံသက်သက် မဟုတ်ဘဲနဲ့ ကျွန်တော် အနီးကပ်ပြီး ဒါဆောင်ရွက်ပြီးတော့ သွားဖို့အတွက် ကျွန်တော့်အနေနဲ့ တိုက်တွန်းကြောင်း အဲဒါပါထည့်သွင်းပြီးတော့ မှတ်တမ်းတင်ဖို့ တင်ပြခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးသိန်းလွင်၊ ချောက်မဲဆန္ဒနယ်က ကမ္ဘာ့ ရေနံဈေးနှုန်း သိသာထင်ရှားစွာ ကျဆင်းလာမှုကြောင့် ဖြစ်ပေါ်လာသော အကျိုးဆက်များကို စဉ်ဆက် မပြတ်လေ့လာပြီး နိုင်ငံတော်နှင့် ပြည်သူများအကျိုးကျေးဇူးဖြစ်ထွန်းရေး၊ ခရီးသည်နှင့် ကုန်စည် ပို့ဆောင်စရိတ်များကျဆင်းရေး၊ အထွေထွေကုန်ဈေးနှုန်းများကျဆင်းရေးတို့ကို အချိန်နှင့်တစ်ပြေးညီ စနစ်တကျ ကွပ်ကဲညှိနှိုင်းစီမံဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရသို့ တင်သွင်းသည့်အဆို နဲ့စပ်လျဉ်းပြီး လွှတ်တော်ရဲ့အဆုံးအဖြတ်ကို စက်ခလုတ်အသုံးပြု၍ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ။**	။ အဆိုကို ထောက်ခံမဲ ၃၀၅ မဲ၊ ကန့်ကွက်မဲ ၉ မဲ၊ ကြားနေမဲ ၉ မဲ။ ထောက်ခံတဲ့ ကိုယ်စားလှယ်ဦးရေကများတဲ့အတွက် ဦးသိန်းလွင်တင်သွင်းတဲ့ ကမ္ဘာ့ရေနံဈေးနှုန်း သိသာထင်ရှားစွာ ကျဆင်းလာမှုကြောင့် ဖြစ်ပေါ်လာသော အကျိုးဆက်များကို စဉ်ဆက်မပြတ်လေ့လာပြီး နိုင်ငံတော်နှင့် ပြည်သူများအကျိုးကျေးဇူးဖြစ်ထွန်းရေး၊ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးစရိတ်များကျဆင်းရေး၊ အထွေထွေကုန်ဈေးနှုန်းများကျဆင်းရေးတို့ကို အချိန်နှင့်တစ်ပြေးညီ စနစ်တကျ ကွပ်ကဲညှိနှိုင်း စီမံဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းသည့်အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့သော ပြည်တွင်းရေကြောင်းသွား ရေယာဉ်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**ဥက္ကဋ္ဌ။**	။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသား လွှတ်တော်မှ စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော ပြည်တွင်းရေကြောင်း သွားရေယာဉ် ဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ဖြစ်သော ၁၂-၃-၂၀၁၅ ရက်နေ့တွင် လက်ခံရရှိကြောင်း အသိပေးခြင်းနဲ့ ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီဥပဒေ ကြမ်းနဲ့စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုကို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် မိမိပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာအချက်အလက်များကို တိကျစွာရေးသား ဖော်ပြ၍ ၁၇-၃-၂၀၁၅ ရက်နေ့နောက်ဆုံးထားပြီး အမည်စာရင်းပေးပို့ကြရန် တောင်းခံခဲ့ပြီးလည်း ဖြစ်ပါတယ်။ ယနေ့ထိ ပြင်ဆင်ချက်တင်သွင်းဆွေးနွေးလိုတဲ့ ကိုယ်စားလှယ်တစ်ဦးမျှမရှိပါ။ ဒါကြောင့် ပြည်တွင်းရေကြောင်းသွားရေယာဉ်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာ တင်ပြချက်အတိုင်း ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်က သဘောတူပါလားခင်ဗျား။

[သုံးကြိမ်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။**	။ သဘောတူမတူသူရှိပါလားခင်ဗျား။ သဘောတူမတူသူမရှိတဲ့အတွက် ပြည်တွင်း ရေကြောင်းသွားရေယာဉ်ဥပဒေကြမ်းကို ပြင်ဆင်ချက်ဖြင့် သဘောတူကြောင်းနှင့် ၂၀၁၃ ခုနှစ်၊

ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၂၀ဂ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၃၁)ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၂) ရက်မြောက်နေ့ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၂) ရက်မြောက်နေ့ကို မနက်ဖြန် ၂၀၁၅ ခုနှစ်၊ မတ်လ ၂၄ ရက်(အင်္ဂါနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

အချိန်၊ ၁၂း၀၅။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့ကို ၁၂း၀၅ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**